# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့် ၊ ကြာသပတေးနေ့ ၊ (17-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၇၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက"ဇာတ်တော်ကြီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့ညပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နေပြည်တော်သို့ လေ့လာရေးခရီးရောက်ရှိနေသည့် ဗိုလ်လောင်းများ၊ ဝန်ထမ်းများ၊

**စာမျက်နှာ ၁၆ ကော်လံ ၄ ☞**




ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ဆီမီးထွန်းညှိပူဇော် သီတင်းကျွတ်မီးမြင်းမိုရ်ပွဲတော်

သီတင်းကျွတ်လသည် မြန်မာလများထဲတွင် ခုနစ်လမြောက်ဖြစ်ပြီး မိုးရာသီကုန်ဆုံးတော့မည့် အခါသမယပင်ဖြစ်သည်။ ဝါလကင်းလွတ်သီတင်းကျွတ်ဆိုစကားနှင့်အညီ ဝါဆိုလတွင် ပုရိမဝါဆိုတော်မူကြသည့် သံဃာတော်များသီတင်းကျွတ်လပြည့်နေ့တွင် ဝါဆိုသည့်ကာလကုန်ဆုံးပြီး အရပ်တစ်ပါးသို့လွတ်လပ်စွာကြွချီတော်မူနိုင်ပြီလည်းဖြစ်သည်။ သီတင်းကျွတ်လတွင် ဆီမီးမြင်းမိုရ်ပွဲ(ဝါ)တာဝတိံသာပွဲကို မြန်ပြည်တစ်ဝန်း၌ ရာသီပွဲအဖြစ် ကျင်းပကြလေ့ရှိသည်။ အထူးအားဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာတာဝတိံသာနတ်ပြည်မှ ပြန်လည်ကြွမြန်းလာမှုကိုအကြောင်းပြု၍ 'အဘိဓမ္မာအခါတော်နေ့'အဖြစ် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းတို့က ဘုရားရှင်လက်ထက်မှစ၍ ယနေ့တိုင် အထင်အရှားပူဇော်ကြသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်သို့ကြွ၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးပြု၍ နတ်ဗြဟ္မာအပေါင်းကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားတော်မူခဲ့သည်။ ထို့နောက် လူ့ပြည်သို့ဆင်းသက်တော်မူရာတွင် စောင့်စားနေကြသည့် လူပရိသတ်အပေါင်းတို့က ဘုရားရှင်ပြန်ကြွလာသည်ကို ဝမ်းမြောက်စွာကြိုဆိုသည့်အနေဖြင့် ဘုရားရှင်ကိုရည်မှန်းကာ မီးရှူး၊ မီးပန်း၊ မီးပုံး၊ ဆီမီးရောင်စုံတို့ဖြင့် ပူဇော်ခဲ့ကြသည့်အစဉ်အလာမှာ ယခုအချိန်ကာလထိပင်ဖြစ်သည်။ ဘုရားရှင်တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူလာသည်ကို အကြောင်းပြု၍ မီးပူဇော်မှုကို တာဝတိံသာပွဲတော်ဟုလည်းကောင်း၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှဘုရားရှင်ဆင်းသက်တော်မူသည်ကိုအကြောင်းပြု၍ မီးပူဇော်မှုကို မီးမြင်းမိုရ်ပွဲတော်ဟူ၍လည်းကောင်း ယနေ့တိုင်ခေါ်ဆိုသတ်မှတ်ကျင်းပကြခြင်းဖြစ်သည်။

ဤသီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်ရဟန်းတော်များ ပဝါရဏာပြုကြလေ့ရှိသည်။ ရဟန်းတော်များအချင်းချင်းဖိတ်ကြားစုဝေးကြပြီး တစ်ပါးနှင့်တစ်ပါး အပြစ်ကြီးငယ်တို့ကို ညွှန်ပြဆုံးမပါရန် ဝါစဉ်အလိုက် ပန်ကြားလျှောက်ထားခြင်းပင်ဖြစ်သည်။ လူပုဂ္ဂိုလ်များတွင်လည်း သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားကျောင်းကန်များသို့သွား၍ အလှူဒါနပြုခြင်း၊ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးဝါကြီးပုဂ္ဂိုလ်များ၊ မိဘ၊ ဆရာသမားများကို အထူးတလည်ပူဇော်ကန်တော့ပွဲများ ကျင်းပကြလေ့ရှိသည်။

ထိုသို့ သက်ကြီးဝါကြီးပုဂ္ဂိုလ်များ၊ မိဘ၊ ဆရာသမားများကို ပူဇော်ကန်တော့ကြရာ၌ ကန်တော့ခံပုဂ္ဂိုလ်များထံမှ အဖိုးတန်သည့်ဆုံးမစကားများနာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းမှုကိုခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးလိမ္မာသူများဟုအများက အသိအမှတ်ပြုခံရခြင်းစသော အကျိုးတရားများ လက်ငင်းရနိုင်စေရုံသာမက ပူဇာစပူဇနေယျာနမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ကတညုတာမင်္ဂလာ၊သောဝစဿတာမင်္ဂလာတရားတို့နှင့်လည်းပြည့်စုံသည့်ကောင်းမှုမင်္ဂလာအကျိုးတရားများကို မလွဲမသွေရရှိခံစားရမည်ဖြစ်ကြောင်း ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့သဖြင့် ကောင်းမြတ်သည့်အစဉ်အလာကောင်းကို ရိုသေလေးစားသမှုရှေးရှု၍ ထာဝစဉ်တည်တံ့အောင်ဖော်ဆောင်သင့်လှပေသည်။

ဆီမီးထွန်းညှိပူဇော်ကြသည့် သီတင်းကျွတ်မီးမြင်းမိုရ်ပွဲတော်သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ဘာသာရေးပွဲတော်၊ ရိုးရာယဉ်ကျေးမှုပွဲတော်အဖြစ် နှစ်ပေါင်းများစွာ ကျင်းပဖော်ဆောင်ခဲ့ပေသည်။ ဆီမီးထွန်းညှိပူဇော်သော ဘာသာရေးအထိမ်းအမှတ်ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲအသွင် ပိုကဲလာသော အများပြည်သူအထိတ်တလန့်ဖြစ်စေသော အပျော်လွန်ကဲမှု၊ မီးဘေးအန္တရာယ်သင့်စေမှု၊ အပျော်လွန်ကဲရာမှ ခိုက်ရန်ဖြစ်ပွားအချင်းများမှုများလည်း ဖြစ်ပေါ်တတ်သည်ကို သတိမူကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ဆီမီးထွန်းညှိပူဇော် မီးမြင်းမိုရ်ပွဲတော်ကျင်းပကြရာတွင် ပွဲတော်၏အနှစ်သာရအစစ်ဖြစ်သော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဂုဏ်တော်အပေါင်းကိုရည်မှန်းကာ လောကီလောကုတ်နှစ်ဖြာအကျိုးများအောင် ကျင်းပပူဇော်နွှဲပျော်ကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေး ဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အောက်တိုဘာလ ဒုတိယပတ်မှစ၍ ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ ဝယ်ယူမှုများ ပြားလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အလားတူ ကြက်သွန်ဖြူများကို ပြည်ပကလည်းအဝယ်များလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြူကုတ်ကထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူအဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ် ကောင်းမွန်တာပါ"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ပြည်တွင်း၊ ပြည်ပမှဝယ်ယူမှုများပြားနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူမှာ ယနေ့ပေါက်ဈေးအရ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလတ်တလော ကြူကုတ်ကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကို ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူ အသစ်တွေလဲ လက်ကျန်ရှားနေတော့ဈေးကွက်ထဲအရောင်းအဝယ် ကောင်းလာပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းငွေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ငရုတ်သီးခြောက်ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငရုတ်သီးခြောက်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၉၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"စက်တင်ဘာလ တစ်လအတွင်း ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးခြောက်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒေသထွက်ကုန်တွေကို အခြားနယ်မြို့တွေအပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ မှာယူမှုတွေ များနေပါတယ်။ လက်ရှိ ငရုတ်သီးခြောက်ဈေးက ၁၀ ပိဿာကို ငွေကျပ် ၇၉၀၀၀ ရှိနေပါတယ်"ဟု ဒေါ်သန်းငွေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၉၆၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကောလင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၉၆၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၉၉၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၉၆၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ စပါးဧက ၁၉၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထားဧက ပြည့်မီအောင် လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၉၇၉၇၈ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၆၅ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၅၂၇၁၆ ဧက စုစုပေါင်း ၁၈၉၆၅၉ ဧကဖြစ်ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်တွင် မိုးစပါးစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၉၉၆၃၇ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၈၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၁၂၂၄ ဧက စုစုပေါင်း ဧက ၁၉၉၈၅၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ရေကြည်မြို့နယ် သောင်ရှာကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**ရေကြည် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောင်ရှာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၅ ရက်က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ သောင်ရှာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

သောင်ရှာကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၁၀၃၀၊ အကျယ်သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း လယ်ကဏန်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း လယ်ကဏန်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း လယ်ကဏန်း ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ လယ်ကဏန်းပိဿာချိန် ၆၅၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါလယ်ကဏန်းများကိုရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ လယ်ကဏန်းတွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ကို လယ်ကဏန်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေ အရောင်းအဝယ်လုပ်ငန်းပိုမိုလုပ်ကိုင်လည်ပတ်လာရပါတယ်" ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ လယ်ကဏန်းများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ အဆင်ပြေလာကြောင်း ပန်းတနော်မြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

**ကျော်ကျော်လင်း**

## နတ်မောက်မြို့နယ် တောင်ထောင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၅ ရက် နေ့လယ်ပိုင်းက တောင်ထောင့်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ထောင့်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**

## မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၇၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၇၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၂၇၈၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၇၁၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။


"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ စပါး ၃၂၇၈၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၁၇၁၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ရာတွင် သတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

(၂၀၆)



# စောလှမြို့ဟောင်း

**ဗိုလ်ရှိတ်(ရတနာပူရ)**

စောလှမြို့သည် မြောင်လှမြို့နည်းတူ လယ်တွင်း ၁၁ ခရိုင်မှ လယ်တွင်းကိုးခရိုင်သို့ ပြောင်းလဲဖွဲ့စည်းရာတွင် ပါဝင်လာသောမြို့ဖြစ်သည်။ မြောင်လှမြို့နည်းတူ တိမ်မြုပ်နေသော မြို့ဟောင်းတစ်ခုဖြစ်သည်။ ဖော်ထုတ်ရေးသားမှုမရှိခဲ့ခြင်းကြောင့် စောလှမြို့၏ ပုံစံနှင့်အနေအထားကို သိခွင့်မရခဲ့ပေ။ ထို့ကြောင့် ဤမြို့ဟောင်းနေရာကို ကိုယ်တိုင်သွား၍ ကွင်းဆင်းလေ့လာကာ ဖော်ထုတ်တင်ပြရခြင်းဖြစ်ပေသည်။

**တည်နေရာ**

စောလှမြို့သည် မြစ်သားမြို့နယ် ရွာခိုင်ကြီးရွာ၏ မြောက်ဘက်ပိုင်းတွင် တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၂၁ မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ်၌ရှိသည်။ ရွာခိုင်ကြီးရွာတွင် ၂၀၁၈ ခုနှစ်က ကောက်ယူခဲ့သောစာရင်းအရ အိမ်ခြေ ၁၀၂၉ အိမ်ရှိသည်။ ရွာကြီးအတွင်း၌ ရွာခိုင်ကြီးတောင်ရွာ၊ ရွာခိုင်ကြီးမြောက်ရွာ၊ ရွာပိုးရွာသာယာ၊ ကိုးစီးရပ်၊ မန်ကျည်းစောက်၊ မြို့သာရပ်ကွက်တို့ရှိသည်။ မြို့ဟောင်းမှာ ရွာခိုင်ကြီးရွာမြောက်အစွန်ရှိ မြို့သာရပ်ကွက်အတွင်း၌ရှိသည်။ ရွာခိုင်ကြီးရွာ၏ တောင်ဘက်တွင် ပန်းလောင်မြစ်သည် အရှေ့မှအနောက်သို့ စီးဆင်းနေသည်။ ပန်းလောင်မြစ်တောင်ဘက်ကမ်း၌ မြင်းရွာကြီးရွာရှိသည်။ အရှေ့တောင်ဘက်တွင် လွမ်းစေတီရှိပြီး အရှေ့ဘက်တွင် ရှမ်းရိုးမတောင်တန်းကြီးရှိသည်။ ရွာခိုင်ကြီးရွာသို့သွားမည်ဆိုပါက ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိ လမ်းဝွရွာလမ်းဆုံမှ ရှေ့သို့ ငါးမိုင်ခွဲခန့်သွားလိုက်လျှင် ရွာခိုင်ကြီးရွာသို့ ရောက်ရှိမည်ဖြစ်သည်။ လမ်းဝွရွာလမ်းဆုံမှာ ကူမဲမြို့မြောက်ဘက် တစ်မိုင်ခန့် အကွာ၌ရှိသည်။ လမ်းဝွ-ရွာခိုင်ကြီးလမ်းမှာ ကတ္တရာလမ်းဖြစ်သောကြောင့် သွားလာရလွယ်ကူပေသည်။

**မြို့ဟောင်းပုံစံနှင့်အကျယ်အဝန်း**

မြို့ဟောင်းမှာ ရွာခိုင်ကြီးရွာမြောက်ပိုင်း မြို့သာရပ်ကွက်အတွင်း၌တည်ရှိသည်။ မြို့ဟောင်း၏ တောင်ဘက်တွင် ပြောင်းပြာမြောင်းကြီးမှာ အရှေ့မှ အနောက်သို့စီးဆင်းနေသည်။ ပြောင်းပြာမြောင်း၏ တောင်ဘက်ကပ်လျက်တွင် ကိုးစီးမြောင်းရှိသည်။ မြို့ဟောင်းအတွင်း၌ လူနေအိမ်များ၊ ရဲစခန်းများ၊ အထက်တန်းကျောင်းများရှိသည်။ ရွာခိုင်ကြီးရွာမှ သင်တုန်းရွာသို့သွားသော ကားလမ်းသည် မြို့ဟောင်း၏အလယ်မှ တောင်မြောက်ဖြတ်၍ ဖောက်လုပ်ထားခြင်းဖြစ်သည်။ စောလှမြို့မှာ ကိုးခရိုင်ဖွဲ့ရာတွင်မှ ပါဝင်လာသောမြို့ဖြစ်သော်လည်း မြောင်လှမြို့ကဲ့သို့ မြို့ရိုးများထင်ရှားစွာ မကျန်တော့ပါ။ လူနေအိမ်များ၏အောက်သို့ရောက်ရှိနေပြီဖြစ်သည်။ မြို့ရိုးပုံစံမှာ လေးထောင့် မှန်ကူကွက်ပုံစံမျိုးဖြစ်သည်။ မြို့ရိုးအုတ်တန်းကို မြို့အနောက် မျက်နှာ၌သာလျှင် ရှားရှားပါးပါးတွေ့ရသည်။ မြို့ရိုးတွေ့ရသောအိမ်နေရာသည် ကိုသိန်းဇော်မြင့် အိမ်ဝင်းနေရာဖြစ်သည်။ အုတ်အရွယ်အစားကို တိုင်းကြည့်ရာတွင် မြောင်လှမြို့ကဲ့သို့ အလျား ၁၆ လက်မ၊ အနံ ရှစ်လက်မ၊ ထု နှစ်လက်မရှိ အုတ်များဖြစ်သည်။ မြောင်လှမြို့ကဲ့သို့ ညောင်ရမ်းခေတ်မြို့ရိုးဖြစ်ကြောင်း သက်သေခံနေသည်။ မြို့ဟောင်းအတွင်း၌ အိမ်ခြေများစွာရှိနေပါသည်။ မြို့အရှေ့ပိုင်းတွင် ရဲစခန်းနှင့်အထက်တန်းကျောင်းရှိသည်။

**❖ စောလှမြို့သည် မြစ်သားမြို့နယ် ရွာခိုင်ကြီးရွာ၏ မြောက်ဘက်ပိုင်းတွင်တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၂၁ မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ်၌ရှိသည်။ ရွာခိုင်ကြီးရွာတွင် ၂၀၁၈ ခုနှစ်က ကောက်ယူခဲ့သောစာရင်းအရ အိမ်ခြေ ၁၀၂၉ အိမ်ရှိသည်။ ရွာကြီးအတွင်း၌ ရွာခိုင်ကြီးတောင်ရွာ၊ ရွာခိုင်ကြီးမြောက်ရွာ၊ ရွာပိုးရွာသာယာ၊ ကိုးစီးရပ်၊ မန်ကျည်းစောက်၊ မြို့သာရပ်ကွက်တို့ရှိသည်။ မြို့ဟောင်းမှာ ရွာခိုင်ကြီးရွာမြောက်အစွန်ရှိ မြို့သာရပ်ကွက်အတွင်း၌ရှိသည်။ ရွာခိုင်ကြီးရွာ၏ တောင်ဘက်တွင် ပန်းလောင်မြစ်သည် အရှေ့မှအနောက်သို့စီးဆင်းနေသည်။❖**

မြို့ဟောင်းမှာ မြို့ရိုးပတ်ပတ်လည် အလျား ၃၆၃၃ ပေခန့်ရှည်လျား၍ ၁၉ ကေခန့်ရှိသည်။

**ဇမ္ဗူဒီပကျမ်းလာအကျယ်အဝန်း**

စောလှမြို့နယ် အကျယ်အဝန်းနှင့် လုပ်မြေ ပယ်ပေါင်း၊ တာပေါင်းကို ဇမ္ဗူဒီပဥဆောင်းကျမ်း၌ "စောလှမြို့နယ် လေးရပ်အတွင်း မိလှတိုင်နက်-

- အရှေ့ကိုလားသော်ကုန်းတန်းကုတ်ကိုပင်အခြား။
- တောင်ကိုလားသော် ဒိုင်းမြေသခွပ်ပင်ကြီး အခြား။
- အနောက်ကိုလားသော် ဒိုင်းမြေပယ် ၅၀ ဝဲ အခြား။
- မြောက်ကိုလားသော် ...

၎င်းနယ်လေးရပ်အတွင်း လုပ်မြေ ၇၅` ချထားသည့် တာပေါင်း ၅၂၈၁"ဟူ၍ ဖော်ပြထားသည်။ ဤမှတ်တမ်းတွင် မြောက်သို့ပြထားသော နယ်နိမိတ်မှာ ပျက်နေသည်။ မူလပေတွင် ပျက်နေသောကြောင့် တည်းဖြတ်သူတို့က အစက်ကလေးများပြ၍ထားခြင်းဖြစ်သည်။ ဤမှတ်တမ်းမှာ သာလွန်မင်းတရားကြီး လက်ထက် ကောက်ယူခဲ့သောစစ်တမ်းဖြစ်သောကြောင့် သာလွန်မင်းတရားကြီး လက်ထက်တွင် စောလှမြို့ကို စီရင်အုပ်ချုပ်ခဲ့ရသူမှာ မိလှဆိုသည့် အမျိုးသမီးဖြစ်ကြောင်း သိရသည်။

**မြို့ဦးစေတီပေလော**

မြို့ဟောင်းအတွင်း၌ မြို့ဦးစေတီဟုယူဆရသော နေရာတစ်နေရာကို ဒေသခံတို့၏ပြောစကားအရ မှတ်သားရပြန်သည်။ ထိုနေရာမှာ အထက်တန်းကျောင်းဝင်းအတွင်းရှိ ပဋ္ဌမတန်းကျောင်းဆောင်၏ အရှေ့တောင်ထောင့်နေရာဖြစ်သည်။ ပဋ္ဌမတန်းကျောင်းဆောင် ဆောက်လုပ်ရန်အတွက် လိုင်းကျင်းတူးရာတွင် ပလ္လင်သဖွယ်အုတ်ရိုးကြီးများတွေ့ရှိခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ မြေနေရာအခက်အခဲအရ ပလ္လင်ဟုယူဆရသော အုတ်ရိုးပေါ်တွင် ပဋ္ဌမတန်းကျောင်းဆောင်ကို ဆောက်လုပ်ခဲ့ရခြင်းဖြစ်သည်ဟုသိရသည်။ ထိုကဲ့သို့ အုတ်ပလ္လင်ကြီးတွေ့ခဲ့ရသည်မှာ ၂၀၁၂ ခုနှစ်ကဟုသိရသည်။ ဒေသခံတို့ တွေ့ခဲ့ရသော အုတ်ပလ္လင်ကြီးဆိုသည်မှာ မြို့ကွက်ပေါ်တွင်တည်ရှိသောအနေအထားအရ မြို့ဦးစေတီဖြစ်မည်ဟု ခန့်မှန်းရသည်။

**ကျုံး**

ကျုံးရာကို ထင်ထင်ရှားရှားမတွေ့ရသော်လည်း မြို့ရိုးပတ်လည်၌ ကျုံးသဖွယ်နိမ့်နေသည်ကို တွေ့မြင်ရသည်။ ဒေသခံတစ်ဦးက လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ကျုံးရာများထင်ရှားစွာရှိကြောင်း ထိုကျုံးများကိုဖို့ကာ လယ်စိုက်ခင်းများအဖြစ် ပြောင်းလဲလုပ်ကိုင်လာခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကျုံးရာပျောက်ကွယ်လာခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

**ကုန်းဘောင်ခေတ်မှတ်တမ်းများ**

ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် အမှုထမ်းခွဲဝေရန်ထားသည့်စာရင်းတစ်ခု၌ စောလှမြို့သည့် စစ်ရ ၁၀၊ သေနတ် ၅၊ လုံ ၅ စစ်မှုထမ်းရန် အဆင်သင့်ရှိကြောင်း တွေ့ရသည်။ ဘကြီးတော်လက်ထက် ၁၁၈၈ ခုနှစ်၌ ဆက်သွင်းခဲ့သော စာရင်းချုပ်တွင်လည်း စောလှမြို့တွင် အသည် ၁၆ အိမ်၊ စုခြားအိမ် ၈၀၀၊ နှစ်စုပေါင်း အိမ်ခြေ ၈၁၆ အိမ်ရှိကြောင်း ဖော်ပြထားပါသည်။ မင်းတုန်းမင်းလက်ထက်တွင် စောလှမြို့သည် မြစ်သားမြို့စီရင်စုအတွင်းပါဝင်ခဲ့ကြောင်းကို သုဓမ္မာဆရာတော်ကြီးများ အမိန့်စာ၌တွေ့ရှိရသည်။

စောလှမြို့သည် မြောင်လှမြို့နှင့်အတူ လယ်တွင်းကိုးခရိုင်ဖွဲ့ရာတွင်မှ ပါဝင်လာသော မြို့ဖြစ်သော်လည်း မြောင်လှမြို့ကဲ့သို့ မြို့ရိုးများ၊ ကျုံးများမကျန်ရှိတော့ပါ။ ထိုသို့ ဖြစ်ရခြင်းမှာ မြောင်လှမြို့ဟောင်းနေရာသည် လူနေအိမ်ခြေများ မရှိခြင်းကြောင့် ကျန်ရှိနေခြင်းဖြစ်ပြီး စောလှမြို့ဟောင်းမှာ ထိုသို့မဟုတ်ဘဲ မြို့ဟောင်းအတွင်း၌ လူနေအိမ်ခြေများတိုးပွားလာခြင်း၊ ကားလမ်းများ ဖောက်လုပ်ခြင်း စသည်တို့ကြောင့် စောလှမြို့ဟောင်းမှာ ပျောက်ကွယ်နေခြင်းဖြစ်ပေသည်။

**စောလှမြို့စားဦးရွှေခြည်**

စောလှမြို့ဟုဆိုလိုက်သည်နှင့် စောလှမြို့နှင့် တဆက်တည်းဖော်ပြလိုသည်မှာ စောလှမြို့စား ဦးရွှေခြည်ဖြစ်သည်။ ဦးရွှေခြည်သည် မြန်မာစာပေသမိုင်းတွင် အလွန်ထင်ရှားသော စာဆိုတော်ကြီးဖြစ်သည်။ ဦးရွှေခြည်သည် ဘိုးတော်ဗဒုံမင်းလက်ထက်မှသည် မင်းတုန်းမင်းလက်ထက်ထိ မင်းအဆက်ဆက် မြှောက်စားချီးမြှင့်ခြင်းခံရသော စာဆိုတော်ကြီး ဖြစ်သည်။ ဘိုးတော်ဗဒုံမင်းလက်ထက်တွင် သီရိရာဇသူဘွဲ့ဖြင့် မဲဇလီရွာစားအဖြစ် မြှောက်စားချီးမြှင့်ခြင်းခံခဲ့ရသည်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်၌ စောလှမြို့စားအဖြစ် မြှောက်စားချီးမြှင့်ခံခဲ့ရသည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ဦးရွှေခြည်စားခဲ့ရသော စောလှမြို့သည် လယ်တွင်းကိုးခရိုင်ဝင် စောလှမြို့ပင်ဖြစ်သည်။ ဦးရွှေခြည်သည် တံဆိပ်ဝန်ရာထူးကိုရရှိခဲ့သောကြောင့် တံဆိပ်ဝန်ဦးရွှေခြည်ဟူ၍လည်းထင်ရှားသည်။ ဦးရွှေခြည်သည် အကိတ္တိပျို့၊ အဘိရူကပျို့၊ ကလိင်္ဂဗောဓိပျို့၊ စန္ဒကိန္နရီပျို့၊ ဒေဝဓမ္မပျို့၊ မဟာပဒုမပျို့၊ မဟာဓမ္မပါလပျို့၊ ဗိမာန်ရတနာကျောင်းတော်မော်ကွန်း၊ မဟာဝေယန်ဘုံသာကျောင်းတော်မော်ကွန်းတို့ကိုရေးသားခဲ့သည်။ ဦးရွှေခြည်ရေးသားခဲ့သောပျို့များတွင် စန္ဒကိန္နရီပျို့သည် အလွန်ကောင်းသောပျို့ဖြစ်ကြောင်း ပညာရှင်များကဆိုကြသည်။

## သာစည်မြို့နယ် လှိုင်းတက်ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သာစည် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လှိုင်းတက်ကျေးရွာအုပ်စု လှိုင်းတက်ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လှိုင်းတက်ကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

လှိုင်းတက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅၆၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်က လုပ်ငန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၀၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၀၂၅ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၀၃၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၀၂၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲကေ ၁၀၃၇၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၀၂၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော်ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ကေစိုက်ပျိုးပါက မြေပဲတင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## မိုင်းခတ်မြို့နယ် ပန်ထိုလုကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း-၂ ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းခတ် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ထိုလုကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း-၂ ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် တာဝန်ရှိသူများက ပန်ထိုလုကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း-၂ ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပန်ထိုလုကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းအပိုင်း-၂ ဖောက်လုပ်ခြင်းလုပ်ငန်းကို ရွှေချယ်ရီဦးကုမ္ပဏီက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၂၈၇ သန်းအသုံးပြု၍ ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းအပိုင်း-၂ ဖောက်လုပ်ပြီးစီးပါက ပန်ထိုလုကျေးရွာရှိ တောင်သူများ၏လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာသယ်ယူပို့ဆောင်နိုင်ပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုင်းခတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်

## နိုင်ငံကိုချစ် မျိုးဆက်သစ်တို့

- ကိုယ့်နိုင်ငံ ကိုယ်ချစ်ကွဲ့
မျိုးဆက်သစ် လူငယ်တွေ၊
နိုင်ငံဂုဏ် မြင့်မားရေး
ကြံတွေးကာလေ၊
နိုင်ရာဝန်တို့ ထမ်းဆောင်စေ
စိတ်ဓာတ်တွေ ဖြူအောင်ထား
ရေသာခို အချောင်မလိုက်နဲ့
စိတ်မိုက်ဖယ်ရှား။

- ကိုယ့်လူမျိုးနွယ် ဇာတိဖွားတို့
လာထိပါးက လက်မခံရာ၊
အမျိုးသားရေး စိတ်ဓာတ်များ
နိုးကြားစဉ်သာ၊
အဖျက်ရန်တို့ ဘေးဆီးကာ
သွေးနီးပါ အချင်းချင်း၊
နိုင်ငံတော် ရပ်ရွာအကျိုးကို
သယ်ပိုးစေမင်း။

- ကိုယ့်တာဝန် မလစ်ဟင်းဘဲ
အပြစ်ကင်း လုပ်ဆောင်မယ်၊
နိုင်ငံအပေါ် သစ္စာကတိ
စောင့်သိစဉ်ကွယ်၊
ရဲရင့်ခြင်း အားမာန်ကြွယ်
မှားမှန်ရယ် သုံးသပ်မနေး၊
ကိုယ့်နိုင်ငံ တန်ခိုးထွားဖို့
ကြိုးစားမယ်လေး။ ။

ရဲသွေးနီ(တက်ဝန်)

# နိုင်ငံတကာ သတင်းများ

## ရပ်ဝန်းနှင့်လမ်း လုပ်ငန်းစဉ်ချဲ့ထွင်ရန် ပါကစ္စတန်ဝန်ကြီးချုပ် ရှရစ်ဖ်တိုက်တွန်း

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၆**

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်လမ်း လုပ်ငန်းစဉ်ကို ချဲ့ထွင်ရန် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်က ယနေ့တွင် တိုက်တွန်းခဲ့သည်။

အစ္စလာမ်မာဘတ်မြို့၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများဆွေးနွေးပွဲ၌ ပါကစ္စတန်ဝန်ကြီးချုပ်က အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အာရှတစ်ဝန်း ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းနိုင်မှုတို့ကို မြှင့်တင်ရေးအတွက် တရုတ်သမ္မတရှီကျင့်ဖျင်၏ရပ်ဝန်းနှင့်လမ်းလုပ်ငန်းစဉ်မျိုးကို တိုးချဲ့သင့်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တရုတ်အစိုးရ၏ ရပ်ဝန်းနှင့်လမ်းအစီအစဉ်သည် နိုင်ငံတကာအခြေခံအဆောက်အအုံနှင့်စွမ်းအင်ကွန်ရက်များကို အမေရိကန်ဒေါ်လာ တစ်ထရီလီယံ သုံးစွဲအကောင်အထည်ဖော်မည့်စီမံကိန်းဖြစ်သည်။

ဘီအာရ်အိုင် စီမံကိန်းသည် အာရှ၊ အာဖရိကနှင့် ဥရောပတို့ကို ကုန်းလမ်း၊ ရေလမ်းကုန်သွယ်ရေးလမ်းကြောင်းများဖြင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ဘီအာရ်အိုင်လုပ်ငန်းစဉ်အရ ပါကစ္စတန်နိုင်ငံ၌ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ယခုနှစ်အတွင်း ဂျပန်သို့လာရောက်သည့်ပြည်ပခရီးသွားများ အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံထိ ငွေကြေးသုံးစွဲ

**တိုကျို အောက်တိုဘာ ၁၆**

ယခုနှစ် ပထမကိုးလအတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် ပြည်ပခရီးသွား ဧည့်သည်များ သုံးစွဲခဲ့ကြသည့် ငွေကြေးပမာဏသည် ၂၀၂၃ ခုနှစ် တစ်နှစ်လုံးပြည်ပခရီးသည်များ သုံးစွဲခဲ့သည့်ပမာဏကို ကျော်လွန်ခဲ့ကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် ပထမကိုးလတာကာလအတွင်း ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ဂျပန်နိုင်ငံခရီးစဉ်များ၌ ယန်းငွေ ၅ ဒသမ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံထိ)ရှိခဲ့ကြောင်း ဂျပန်ခရီးသွားလုပ်ငန်း အေဂျင်စီ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ ယခုနှစ်ပထမကိုးလအတွင်း ပြည်ပခရီးသည်များ ဂျပန်ပြည်တွင်းငွေကြေးသုံးစွဲမှုနှုန်းမှာ ၂၀၂၃ ခုနှစ်အတွင်း ပြည်ပခရီးသည်များ ဂျပန်ပြည်တွင်းငွေကြေးသုံးစွဲမှုနှုန်းကို ကျော်လွန်ခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများကပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ဂျပန်ခရီးစဉ်များအတွင်း ပြည်ပခရီးသွားဧည့်သည်များသုံးစွဲခဲ့သော ငွေကြေးပမာဏမှာ ယန်းငွေ ၅ ဒသမ ၃ ထရီလီယံသာရှိခဲ့သည်။

ဂျပန် တာဝန်ရှိသူများ၏ တွက်ချက်မှုအရ ယခုနှစ်အတွင်း ရောက်ရှိလာသည့် ပြည်ပခရီးသွားဧည့်သည်များ၏ တစ်ဦးချင်းပျမ်းမျှ ငွေကြေးသုံးစွဲမှုပမာဏမှာ ယန်းငွေ ၂၂၃၀၀၀ထိ ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ပထမကိုးလတာကာလအတွင်း ဂျပန်နိုင်ငံသို့ ရောက်ရှိလာသည့် ပြည်ပခရီးသည်အရေအတွက်မှာ ၂၆ ဒသမ ၈၈ သန်းထိရှိခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua
Trs : KKO

## လူငယ်တစ်သန်းကျော် စစ်မှုထမ်းရန်လျှောက်လွှာတင်ထားကြောင်း မြောက်ကိုရီးယားသတင်းထုတ်ပြန်



**ပြုံယမ်း အောက်တိုဘာ ၁၆**

မြောက်ကိုရီးယား လူငယ် ၁ ဒသမ ၄ သန်းခန့်သည် မြောက်ကိုရီးယားလက်နက်ကိုင်တပ်များ၌ ပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်ရန် သို့မဟုတ် ပြန်လည်တာဝန်ထမ်းဆောင်ရန် ယခုရက်သတ္တပတ်အတွင်း လျှောက်လွှာတင်သွင်းထားကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

လက်နက်ကိုင်တပ်များ၌တာဝန်ထမ်းဆောင်ရန် လျှောက်လွှာတင်သွင်းခဲ့ကြသော မြောက်ကိုရီးယားလူငယ် ၁ ဒသမ ၄ သန်းအနေဖြင့် မြောက်ကိုရီးယား၏ရန်သူများကို ဖျက်ဆီးရေးစစ်ပွဲ၌ ပါဝင်ရန် သန္နိဋ္ဌာန်ချထားကြောင်း ကေစီအင်န်အေသတင်းဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုရီးယားကျွန်းဆွယ်ဒေသ၌ အခြေအနေများ တင်းမာနေချိန်တွင် မြောက်ကိုရီးယားလူငယ်များ စစ်မှုထမ်းရန် လျှောက်လွှာတင်သွင်းမှုသတင်းကို ကေစီအင်န်အေသတင်းဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံကို ရင်ဆိုင်တိုက်ပွဲဝင်ရေးအတွက် လက်နက်ကိုင်တပ်များ၌ ပါဝင်အမှုထမ်းရန် မြောက်ကိုရီးယား ပြည်သူပြည်သား ၈၀၀၀၀၀တို့က ဆန္ဒပြုထားကြောင်း ကေစီအင်န်အေက ၂၀၂၃ခုနှစ်အတွင်းကလည်း သတင်းထုတ်ပြန်ခဲ့ဖူးသည်။

နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးအင်စတီကျု၏ အဆိုအရ လက်ရှိအချိန်တွင် မြောက်ကိုရီးယားနိုင်ငံ၌ အမြဲတမ်းတပ်ဖွဲ့ဝင် ၁ ဒသမ ၂၈ သန်းနှင့် အရန်တပ်ဖွဲ့ဝင်၆၀၀၀၀၀ရှိကြောင်း သိရသည်။

ကေစီအင်န်အေ သတင်းဌာန၏ယနေ့သတင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ တောင်ကိုရီးယားအစိုးရက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

Ref : RT
Trs : KKO

## တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ) ပြန်လည်ပေါင်းစည်းရန် စစ်အင်အားအသုံးပြုရေးကို စွန့်လွှတ်မည်မဟုတ်ဟု တရုတ်ပြောကြား

**ပေကျင်း အောက်တိုဘာ ၁၆**

တရုတ်(တိုင်ပေ)ကို ပြည်မကြီးအချုပ်အခြာအောက် ထည့်သွင်းရေးအတွက် စစ်အင်အားအသုံးချရေးသဘောတရားကို စွန့်လွှတ်လိမ့်မည်မဟုတ်ကြောင်း တရုတ်အစိုးရက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုင်ဝမ်ကျွန်း ပတ်ပတ်လည်၌ စစ်ရေးလေ့ကျင့်မှုများ တရုတ်တပ်မတော်က ပြုလုပ်ခဲ့ပြီး နောက် တရုတ်အစိုးရက တရုတ်(တိုင်ပေ) ဆိုင်ရာမူဝါဒကို ထပ်လောင်းအတည်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ)သမ္မတ လိုင်ချင်တီးက အောက်တိုဘာ ၁၀ ရက်တွင် တရုတ်(တိုင်ပေ)အမျိုးသားနေ့မိန့်ခွန်းပြောကြားခဲ့ပြီးနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)သည် အောက်တိုဘာ ၁၄ ရက်တွင် ထိုင်ဝမ်ကျွန်း ပတ်ပတ်လည်၌ တစ်ရက်ကြာ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

တရုတ်(တိုင်ပေ) ခွဲထွက်ရေးဝါဒီများကို သတိပေးသည့်အနေဖြင့် အဆိုပါစစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်တပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်။

ထိုနည်းတူ တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)ကို ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းရာတွင် ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းနိုင်ရေးကိုသာလိုလားကြောင်း၊ သို့ရာတွင် လိုအပ်ပါက စစ်အင်အားသုံးစွဲရေးနည်းလမ်းကိုလည်း မိမိတို့ စွန့်လွှတ်မည်မဟုတ်ဟု တရုတ်အစိုးရ၏ တရုတ်(တိုင်ပေ) ရေးရာရုံးက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် လိုအပ်ပါက စစ်အင်အားသုံးမည်ဖြစ်ကြောင်း ကြေညာထားသည်။

Ref : Xinhua
Trs : KKO

## နိုင်ဂျီးရီးယား၌ လောင်စာဆီတင်ယာဉ်ပေါက်ကွဲမီးလောင် အနည်းဆုံး ၉၄ ဦးသေဆုံး၍ ဦးရေ ၅၀ ဒဏ်ရာရရှိ

**အဘူဂျာ အောက်တိုဘာ ၁၆**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ တိမ်းမှောက်နေသည့် လောင်စာဆီတင်ယာဉ်တစ်စီး အောက်တိုဘာ ၁၅ ရက်တွင် ပေါက်ကွဲခဲ့ရာ အနည်းဆုံးလူပေါင်း ၉၄ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ဂျီဂါဝါပြည်နယ် ဘော်ရာမြို့အဝေးပြေးလမ်းပေါ်တွင် ဖြစ်ပွားခဲ့သော အဆိုပါလောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုကြောင့် အနည်းဆုံးလူပေါင်း ၉၄ ဦးသေဆုံးခဲ့ရပြီး ဒဏ်ရာရသူ ဦးရေ ၅၀ထိ ရှိခဲ့ကြောင်း နိုင်ဂျီးရီးယားရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

လောင်စာဆီတင် ယာဉ်တိမ်းမှောက်ခဲ့ပြီးနောက် ယင်းလောင်စာဆီတင်ယာဉ်မှလောင်စာဆီများကို ဒေသခံများကဝိုင်းအုံထုတ်ယူနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

လောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာ ထပ်မံမြင့်တက်လာနိုင်ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

ပေါက်ကွဲ မီးလောင်ခဲ့သည့် လောင်စာဆီတင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ပတ်လည်တိမ်းမှောက်ခဲ့ရခြင်းဖြစ်သည်။



နိုင်ဂျီးရီးယားနိုင်ငံ၌ လောင်စာဆီတင်ယာဉ် မတော်တဆမှုများ အဖြစ်များတတ်ရာ ၂၀၂၀ ပြည့်နှစ်တစ်နှစ်တည်းတွင် လောင်စာဆီတင်ယာဉ်မတော်တဆမှု ၁၅၃၁မှု ဖြစ်ပွားခဲ့ပြီး လူပေါင်း ၅၃၅ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ချင်အန်ဖန်းအင်တာနက်ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တု ၁၈ စင်းလွှတ်တင်



**ပေကျင်း အောက်တိုဘာ ၁၆**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချင်အန်ဖန်းအမည်ရှိ အင်တာနက်ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်အတွက် ဒုတိယအသုတ် ဂြိုဟ်တု ၁၈ စင်းကို အောက်တိုဘာ ၁၅ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ချင်အန်ဖန်းဂြိုဟ်တုကွန်ရက် ဂြိုဟ်တုသစ် ၁၈ စင်းကို လောင်းမတ်ချ်-၆ အေ ဒုံးပျံဖြင့် တရုတ်နိုင်ငံမြောက်ပိုင်း တိုင်ယွန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လောင်းမတ်ချ်-၆ အေ ဒုံးပျံသည် ချင်အန်ဖန်းကွန်ရက်ဂြိုဟ်တုသစ်များကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဂြိုဟ်တု ၁၈ စင်းသည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၂၀၀ နှင့် ၁၀၀၀ ကြားတွင်ရှိသော ပတ်လမ်းပေါ်တွင် နေရာယူမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချင်အန်ဖန်းဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၁၄၀၀၀ ဖြင့် တည်ဆောက်ရန် စီစဉ်ထားကြောင်း၊ ချင်အန်ဖန်းဂြိုဟ်တုကွန်ရက် တည်ဆောက်ရေးအစီအစဉ် ပထမအဆင့်တွင် ဂြိုဟ်တု ၁၂၉၆ စင်း ပါဝင်မည်ဖြစ်ပြီး ၎င်းဂြိုဟ်တုများအနက် ၆၄၈ စင်းကို ၂၀၂၅ ခုနှစ်မကုန်မီ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ဘရာဇီးသိပ္ပံပညာရှင်များက ကမ္ဘာဦးသက်ရှိမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိ


**ဘရာဇီးလီးယား အောက်တိုဘာ ၁၆**

ဘရာဇီးနိုင်ငံမှ သိပ္ပံပညာရှင်များသည် ဒိုင်နိုဆောများနှင့် တူသော်လည်း ဒိုင်နိုဆောမဟုတ်သည့် ကမ္ဘာဦးသက်ရှိမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဦးသက်ရှိမျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာနှစ်ပေါင်း ၂၃၇ သန်း ထိရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

Gondwanax parisensis ဟူ၍ အမည်ပေးထားသည့် အဆိုပါ ကမ္ဘာဦးသက်ရှိ၏အရွယ်အစားမှာ ခွေးတစ်ကောင်သာသာမျှသာရှိပြီး ကိုယ်ခန္ဓာအလျား တစ်မီတာခန့်သာရှိကြောင်း သိရသည်။

ကိုယ်ခန္ဓာအလေးချိန် ခြောက်ကီလိုဂရမ်မျှသာရှိသော Gondwanax parisensis သည် လွန်ခဲ့သော နှစ်ပေါင်း ၂၃၇ သန်းက ယနေ့ခေတ် ဘရာဇီးနိုင်ငံ၏ တောင်ဘက်ခြမ်း၌ ရှင်သန်ကျက်စားခဲ့ကြဖွယ် ရှိကြောင်း ဘရာဇီး သိပ္ပံပညာရှင်များက ပြောကြားသည်။



Gondwanax parisensis များသည် ဒိုင်နိုဆောသတ္တဝါများ၏ ရှေ့ပြေးကမ္ဘာဦးတွားသွားသတ္တဝါများဖြစ်သည့် Silesaurid မျိုးရင်းဝင် သက်ရှိများဖြစ်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

Gondwanax parisensis သက်ရှိများသည် ဒိုင်နိုဆောများ မည်သို့ ပေါ်ထွက်လာသည်ကို ရှင်းပြပေးနိုင်ဖွယ် ရှိကြောင်း ဘရာဇီး သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## Space-X ကုမ္ပဏီက ယခုနှစ်၏ အကြိမ် ၁၀၀ မြောက်မစ်ရှင်ကို လွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ယခုနှစ်၏ အကြိမ် ၁၀၀ မြောက်မစ်ရှင်ကို အောက်တိုဘာ ၁၅ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အကြိမ် ၁၀၀ မြောက် အာကာသမစ်ရှင်



အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းကို အောက်တိုဘာ ၁၅ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပင်မဒုံးယာဉ်သည် ဖလော်ရီဒါကမ်းလွန်၌ အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်။

ထို့ပြင် Space-X ကုမ္ပဏီသည် အောက်တိုဘာ ၁၅ ရက်၏ ဒုတိယမြောက်မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု အစင်း ၂၀ ကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း၊ Space-X ကုမ္ပဏီသည် အောက်တိုဘာ ၁၅ ရက် စတားလင့်ခ်မစ်ရှင်နှစ်ခုကို တစ်ခုနှင့်တစ်ခု နှစ်နာရီခန့်ခွာ၍ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အခွံမာသီးအစေ့အဆန် နေ့စဉ်လက်တစ်ဆုပ်စာစားသုံးပါက Dementia ဖြစ်နိုင်ခြေလျော့ချနိုင်

**မက်ဒရစ် အောက်တိုဘာ ၁၆**

အခွံမာသီး အစေ့အဆန်များကို နေ့စဉ် လက်တစ်ဆုပ်စာမျှ စားသုံးပါက ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျော့ချပေးနိုင်ကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

စပိန်နှင့် ပေါ်တူဂီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆားပါဝင်မှုမရှိသော၊ ပြုပြင်ထားခြင်းမရှိသော အခွံမာသီး အစေ့အဆန်များကို နေ့စဉ် ဂရမ် ၃၀ မျှ စားသုံးခြင်းဖြင့် Dementia ဖြစ်နိုင်ခြေကို ၁၂ ရာခိုင်နှုန်း လျော့ချနိုင်ကြောင်း သိရသည်။

အထူးသဖြင့် အခွံမာသီးအစေ့အဆန်များစားသုံးမှုကြောင့် Dementia ဖြစ်နိုင်ခြေ လျော့ချနိုင်ခြင်းအကျိုးကျေးဇူးကို အသက် ၆၀ အထက် အမျိုးသမီးများတွင် အထင်ရှားဆုံး တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဝလွန်မှုပြဿနာမရှိသူ၊ အရက်သေစာသောက်စားခြင်းမရှိသူ သက်ကြီးပိုင်းများသည်လည်း အခွံမာသီးအစေ့အဆန်များ နေ့စဉ်စားသုံးခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို ထိထိရောက်ရောက် လျော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အခွံမာသီး အစေ့အဆန်များသည် ရောင်ရမ်းမှုနှင့် သွေးအတွင်းကိုလက်စထရောပါဝင်မှုလျော့ချပေးခြင်းဖြင့် Dementia ရောဂါကို ကာကွယ်ပေးနိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Ozempic နှင့် အူလမ်းကြောင်းကုထုံးတွဲသုံးပါက ပုံစံ-၂ ဆီးချိုလူနာများ အင်ဆူလင်ဟော်မုန်းလိုအပ်မှုကို လျှော့ချနိုင်

**အမ်စတာဒမ် အောက်တိုဘာ ၁၆**

Ozempic ဆီးချိုဆေးနှင့် အူလမ်းကြောင်းကုထုံးသစ်တစ်မျိုးကို တွဲဖက်အသုံးပြုပါက ပုံစံ-၂ ဆီးချိုရောဂါလူနာများ အင်ဆူလင်ဟော်မုန်းလိုအပ်မှုကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုလူနာ ၁၄ ဦးတို့ကို Ozempic ဆေးနှင့် ReCET အမည်ရှိ အူလမ်းကြောင်းကုထုံးသစ်တစ်မျိုးတို့ကို တွဲဖက်အသုံးပြု၍ စမ်းသပ်ကုသခဲ့ကြကြောင်း သိရသည်။


စမ်းသပ်ကုသမှုကာလ ခြောက်လအကြာတွင် စမ်းသပ်မှု၌ ပါဝင်သူ လူနာ ၁၄ ဦးအနက် ၁၂ ဦးတို့မှာ အင်ဆူလင်ဟော်မုန်းများ ဖြည့်စွက်ရယူရန် မလိုအပ်တော့သည်ကို တွေ့ရကြောင်း နယ်သာလန်သုတေသန ပညာရှင်များက ပြောကြားသည်။

ReCET ကုထုံးသည် အူသိမ်၏ အစပိုင်း(Duodenum) ဖောက်ပြန်မှုပြဿနာကို ဖြေရှင်းရေးအတွက် အမေရိကန် သုတေသနပညာရှင်များဖန်တီးထားသည့် ကုထုံးသစ်ဖြစ်ကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါလူနာများတွင် Duodenum ၏ လုပ်ငန်းလည်ပတ်မှုပုံစံမှာ ဖောက်ပြန်မှုများယွင်းနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO






# အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က နည်းပြတူချယ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်းကြေညာ

**လန်ဒန် အောက်တိုဘာ ၁၆**

အင်္ဂလန်ဘောလုံး အဖွဲ့ချုပ် (အက်ဖ်အေ)သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြတူချယ်ကိုနည်းပြသစ်အဖြစ်ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အက်ဖ်အေအနေဖြင့် နည်းပြတူချယ်ကို၁၈ လသက်တမ်းရှိသည့် စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းအနေဖြင့် လာမည့်နှစ် ဇန်နဝါရီ ၁ ရက်မှစတင်က၍ အင်္ဂလန်အသင်းကို စတင်တာဝန်ယူမည်ဖြစ်သည်။

လက်ရှိ ယာယီနည်းပြအဖြစ် တာဝန်ယူထားသည့် လီကာစလေအနေဖြင့် အင်္ဂလန်အသင်းကို နေရှင်းလိဂ်ပြိုင်ပွဲအုပ်စုပွဲစဉ်များဖြစ်သည့် ဂရိအသင်း၊ အိုင်ယာလန်အသင်းတို့နှင့် ကစားမည့်ပွဲစဉ်များကို ကိုင်တွယ်သွားမည်ဖြစ်သည်။

အက်ဖ်အေသည် နည်းပြ တူချယ်ကိုခန့်အပ်ရန် နည်းပြဆောက်ဂိတ် ထွက်ခွာသည့်အချိန်ကတည်းက ကာလရှည်ကြိုးပမ်းခဲ့ပြီး နည်းစနစ်ဒါရိုက်တာနှင့် အသင်းအမှုဆောင်တို့ နည်းပြတူချယ်နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ယခုအခါ ၁၈ လသက်တမ်းရှိသည့် စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ယာယီနည်းပြ လီကာစလေအနေဖြင့် အင်္ဂလန်အသင်းကို အကောင်းဆုံး ဦးဆောင်နိုင်ခဲ့သဖြင့် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခွင့်ရရန် အခွင့်အရေးရှိခဲ့သော်လည်း ဂရိအသင်းကိုရှုံးနိမ့်ခဲ့သည့် နေရှင်းလိဂ်ပြိုင်ပွဲအပြီးတွင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က နည်းပြသစ်တစ်ဦးရှာဖွေရန် ကြိုးပမ်းခဲ့ရာ နည်းပြ တူချယ်ကို ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : ML



## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက အသင်းမှ အဓိက တိုက်စစ်ကစားသမားဖြစ်သည့် လီဝမ်ဒေါ့စကီး၏ဒဏ်ရာနှင့်ပတ်သက်ပြီး စိုးရိမ်လျက်ရှိနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။
- ယူအီးအက်ဖ်အေနေရှင်းလိဂ် အုပ်စုပွဲစဉ်တွင် စကော့တလန်အသင်းက ပေါ်တူဂီအသင်းကို ဂိုးမရှိသရေရလဒ်ကစားနိုင်ခဲ့သဖြင့် ရမှတ်ခွဲပေးခဲ့ရသည့် ပေါ်တူဂီအသင်းနိုင်ပွဲရပ်တန့်ခဲ့ပြီး ကွာတားဖိုင်နယ်သို့ရောက်ရှိရန် ထပ်မံကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။
- ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ခရစ္စမတ်ကာလဒီဇင်ဘာလမှ ဇန်နဝါရီလထိကစားရမည့် အမှတ်ပေးပွဲ ၂၅ ပွဲကိုထုတ်ပြန်ခဲ့ရာ ထိပ်သီးကလပ်များဖြစ်သည့် စပါးအသင်းနှင့် ချဲလ်ဆီးအသင်း၊ မန်စီးတီးအသင်းနှင့် မန်ယူအသင်း၊ လီဗာပူးအသင်းနှင့် မန်ယူအသင်း၊ အာဆင်နယ်အသင်းနှင့် အေဗီလာအသင်း၊ မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ ML

# AYA Bank Mandalar Futsal League 2024ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များ ဆက်လက်ကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၆**

မန္တလေးတိုင်း ဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၄) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ ဘက်စုံသုံးအားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Bank Mandalar Futsal League 2024ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များ ယနေ့နံနက် ၈ နာရီက TG Unitedအသင်းနှင့် Arr Man အသင်းတို့ကစားခဲ့ရာTG United အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် MNN အသင်းနှင့် Black Wolvesအသင်းတို့ ကစားခဲ့ရာ Black Wolvesအသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် Mogyo အသင်းနှင့် KHအသင်းတို့ကစားခဲ့ရာ KH အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅မိနစ်တွင် AKS အသင်းနှင့် Pyae Soneအသင်းတို့ ကစားခဲ့ရာ AKS အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီတွင် BTB အသင်းနှင့် 135 Family အသင်းတို့ကစားခဲ့ရာ BTB အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

AYA Bank Mandalar Futsal League 2024ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၀ ရက် နံနက် ၈နာရီတွင် MNN အသင်းနှင့် BTB အသင်း၊ နံနက် ၉နာရီ ၄၅ မိနစ်တွင် Pyae Soneအသင်းနှင့် KHအသင်း၊ နံနက် ၁၁ နာရီခွဲတွင် Black Wolvesအသင်းနှင့် TG Unitedအသင်း၊ မွန်းလွဲ ၁နာရီ ၁၅ မိနစ်တွင် Arr Manအသင်းနှင့် Mogyo အသင်း၊ ညနေ ၃ နာရီတွင် 135 Family အသင်းနှင့် AKS အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# BMW Ladies Championship ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်သွားမည်ဟု ဩစတြေးလျဂေါက်သီးရိုက်မယ် မင်ဂျီလီပြောကြား

**ဆိုးလ် အောက်တိုဘာ ၁၆**

တောင်ကိုရီးယားနိုင်ငံ၌ကျင်းပသွားမည့်BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဩစတြေးလျဂေါက်သီးရိုက်မယ် မင်ဂျီလီသည် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထားနေသည်ဟု ယနေ့တွင် ပြောကြားခဲ့သည်။

BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၂၀၁၉ ခုနှစ်မှစတင်၍ တောင်ကိုရီးယားဂေါက်သီးရိုက် ကစားသမားများသာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် နယူးဇီလန် ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုက ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် မင်ဂျီလီက ဆွတ်ခူးနိုင်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ကိုယ်စားပြု ဂေါက်သီးရိုက်ကစားသမားများ ချန်ပီယံဆုနှင့် နှစ်နှစ်ဆက်လွဲချော်ခဲ့ရပြီး မင်ဂျီလီအနေဖြင့် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

မင်ဂျီလီသည် ၂၀၂၃ ခုနှစ်တွင် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်၍ ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် လက်ရှိချန်ပီယံကာကွယ်နိုင်ရေးအတွက် ယမန်နှစ်ကထက် ရလဒ်ကောင်းရရှိရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါမှလွဲ၍ အခြားကမ္ဘာ့အဆင့်(၁၀) အတွင်း ရပ်တည်နေသူအားလုံး ပါဝင် ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် မင်ဂျီလီအတွက် လက်ရှိချန်ပီယံကာကွယ်နိုင်ရေးမှာ ခက်ခဲဖွယ်ရှိနေသည်။

BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မင်ဂျီလီနှင့်အတူပြိုင်ပွဲဝင်သွားမည့် နာမည်ကြီးကစားသမားများမှာ ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် လီလီယာဗူ၊ ကမ္ဘာ့အဆင့်(၃)မှ လိုင်ဒီယာကို၊ ကမ္ဘာ့အဆင့်(၄)မှ ရူနင်ယင်၊ကမ္ဘာ့အဆင့်(၆)မှ အယာကာ၊ကမ္ဘာ့အဆင့်(၇)မှ ဟိုဂျင်းယန်၊ ကမ္ဘာ့အဆင့်(၈)မှ ဟန်နာဂရင်း၊ ကမ္ဘာ့အဆင့်(၉)မှ ရူဟဲရန်နှင့် ကမ္ဘာ့အဆင့်(၁၀)နေရာတွင် ရပ်တည်နေသည့် စီလင်းဘူတီယာတို့ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# နေရှင်းလိဂ်ချန်ပီယံစပိန်အသင်း ဆားဘီးယားကိုအနိုင်ယူ၍ ကွာတားဖိုင်နယ်တက်ရောက်

**မက်ဒရစ် အောက်တိုဘာ ၁၆**

ယူအီးအက်ဖ်အေနေရှင်းလိဂ် အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် စပိန်အသင်းနှင့် ဆားဘီးယားအသင်းတို့ပွဲစဉ်တွင် စပိန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် အုပ်စုလေးပွဲ ကစားအပြီးတွင် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

စပိန်အသင်းသည် နေရှင်းလိဂ်(A) အုပ်စု(၄)၌ လေးပွဲကစားခဲ့ရာ သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် ရမှတ် ၁၀ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယားဒုတိယနေရာမှ ဒိန်းမတ်အသင်းကို ရမှတ် သုံးမှတ်ဖြတ်တောက်နိုင်ခဲ့ကာ လက်ကျန်ပွဲနှစ်ပွဲကစားရန် ကျန်ရှိနေသော်လည်း အဆင့်(၃)မှ ဆားဘီးယားအသင်းကို ရမှတ် ခြောက်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အုပ်စုပွဲစဉ်(၄)တွင် ဆွစ်ဇာလန်အသင်းက ဒိန်းမတ်အသင်းကို နှစ်ဂိုးစီသရေရလဒ် ကစားနိုင်ခဲ့ပြီး စပိန်အသင်းက ဆားဘီးယားအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားခဲ့ကာ လာပေါ်တီ ၊မိုရာတာ၊ဘေနာတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သည့်အပြင် ဂိုးပေါက်တည့်မတ်မှု ၁၀ ကြိမ်ထိပြုလုပ်၍ သုံးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။




စပိန်အသင်းသည် နည်းပြဒီလာဖူအန်တီလက်ထက်တွင် ပုံစံကောင်းရရှိခဲ့သဖြင့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလားရယူနိုင်ခဲ့သည့်အပြင် ယခုပြိုင်ပွဲတွင်လည်း အုပ်စုပွဲနှစ်ပွဲကစားရန် ကျန်ရှိနေသော်လည်း ကွာတားဖိုင်နယ်ထိရောက်ရှိခဲ့ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် အခွင့်အရေးများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref : 90 Min
Trs : ML

# MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖုဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadiumတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉နာရီခွဲတွင် Team Greatest FCအသင်းနှင့် 16/1 FCအသင်းတို့ကစားခဲ့ရာ 16/1 FCအသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Golden Heart FCအသင်းနှင့် Blaze Titans FC အသင်းတို့ကစားခဲ့ရာ Golden Heart FCအသင်းက ၁၁ ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Naka Unitedအသင်းနှင့် Shwe Pyi Tharအသင်းတို့ ကစားခဲ့ရာ Naka Unitedအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Special One FCအသင်းနှင့် Yangon Futsalအသင်းတို့ ကစားခဲ့ရာ Yangon Futsalအသင်းက ၁၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Focus FC အသင်းနှင့် Hinthar FCအသင်းတို့ကစားခဲ့ရာ Hinthar FCအသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် Gold Dream FC အသင်းနှင့် YCDC Marga FCအသင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Rule Breakers FC အသင်းနှင့် Jullniss FCအသင်း၊ မွန်းတည့် ၁၂ နာရီတွင် Shadow FCအသင်းနှင့် Mahar United အသင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Ingenious Boy FCအသင်းနှင့် Knightအသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် D.Aung Paing FCအသင်းနှင့် King Cobraအသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# StockholmOpen တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ နီကိုလက်စ်ဂျာရီတက်ရောက်

**စတော့ဟုမ်း အောက်တိုဘာ ၁၆**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင်ကျင်းပနေသည့် Stockhol-mOpen တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်အဖြစ် အိမ်ရှင်ကစားသမား ဝိုင်မာနှင့် ချီလီတင်းနစ်ကစားသမား နီကိုလက်စ်ဂျာရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နီကိုလက်စ်ဂျာရီက (၂-၆၊ ၆-၄၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဝိုင်မာသည် ပထမပွဲငယ်၌သာ နီကိုလက်စ်ဂျာရီကိုပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ရှုံးနိမ့်ခဲ့ရသည်။

နီကိုလက်စ်ဂျာရီသည် အနိုင်ရခဲ့သော်လည်းဝိုင်မာနှင့်ပွဲစဉ်တွင် Unforced error ကို ၅၄ ကြိမ်ထိ ကျူးလွန်ခဲ့ပြီး ဝိုင်မာသည်လည်းအမှားများနေသည့်အတွက် နီကိုလက်စ်ဂျာရီ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နီကိုလက်စ်ဂျာရီသည် ဒုတိယအဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်နော်ရီကိုအနိုင်ရရှိကာ ဒုတိယအဆင့်တက်ရောက်လာခဲ့သည့် ဆားဘီးယားတင်းနစ်ကစားသမား ကက်မာနိုဗစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသောနာမည်ကြီးကစားသမားတစ်ဦးဖြစ်သည့် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်သည် ဒုတိယအဆင့်မှ စတင်၍ ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား ဆိုနီဂိုနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL



# နိုင်ငံခြားကစားသမားခေါ်ယူမှုအဖြစ် ရှမ်းယူနိုက်တက်အသင်းက ရင်တာရိုကိုခေါ်ယူ

**တောင်ကြီး အောက်တိုဘာ ၁၆**

မြန်မာနေရှင်နယ်လိဂ်ထိပ်တန်းကလပ် ရှမ်းယူနိုက်တက်အသင်းက နိုင်ငံတကာပြိုင်ပွဲများနှင့် မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ပွဲစဉ်များအတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် နိုင်ငံခြားသားကစားသမား ခေါ်ယူမှုအဖြစ် ဂျပန်လူမျိုးကစားသမား ရင်တာရိုကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံတကာပြိုင်ပွဲအဖြစ် အေအက်ဖ်စီဖလားပြိုင်ပွဲ ကစားရမည်ဖြစ်သည့်အပြင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင်လည်း ဒုတိယအကျော့ပွဲစဉ်များ ကစားရမည်ဖြစ်သည့်အတွက်ကစားသမားအင်အားပိုင်းပိုမိုတောင့်တင်းစေရန် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမား ခေါ်ယူမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမား ရင်တာရိုသည် ထိုင်းကလပ် Chainat Hornbillအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ရှမ်းယူနိုက်တက်အသင်းက ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင်အသင်းမှကောင်းမြတ်သူနှင့် အောင်နိုင်ဝင်းတို့ကို အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ပြီးနောက် ရင်တာရိုမတိုင်မီက အသင်းမှ ကစားသမားဟောင်းတစ်ဦးဖြစ်သည့် မြတ်ကောင်းခန့်ကိုလည်း ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအပြင် ယခုလအတွင်း အေအက်ဖ်စီဖလားအုပ်စုပွဲစဉ်များကို ကစားသွားရမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၇ ရက်တွင် လာအိုကလပ် Young Elephant အသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းတို့နှင့်ကစားသွားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို အိမ်ရှင်အဖြစ်ကလက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဘိုလီးဗီးယားအသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီ ဟက်ထရစ်ဂိုးရရှိ

**ဗျူနိုစ်အေရိစ် အောက်တိုဘာ ၁၆**

ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် ဘိုလီးဗီးယားအသင်းတို့ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက ခြောက်ဂိုးပြတ်အနိုင်ရခဲ့ပြီး မက်ဆီက ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး မက်ဆီသည် ပြီးခဲ့သည့် ဇူလိုင်လက ကိုပါအမေရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့သည့် ဒုတိယမြောက်ပွဲစဉ်တွင် ဟက်ထရစ်ဂိုးရရှိခဲ့ပြီးနိုင်ငံအသင်းအတွက် စုစုပေါင်းသွင်းဂိုး ၁၁၂ ဂိုးထိသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးမက်ဆီသည် ပွဲချိန် ၁၉ မိနစ်တွင် ပထမဂိုး၊ ပွဲချိန် ၄၃ မိနစ်တွင် တိုက်စစ်မှူး မာတီနက်ဇ်၏သွင်းဂိုးအတွက် ဖန်တီးမှုတစ်ကြိမ်နှင့် ပွဲချိန် ၄၅ မိနစ်တွင် အယ်ဗာရက်ဇ်၏ သွင်းဂိုးအတွက် ဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သကဲ့သို့ ပွဲချိန် ၈၄ မိနစ်နှင့် ၈၆ မိနစ်တို့တွင် ဒုတိယမြောက်နှင့် တတိယမြောက်ဂိုးများသွင်းယူပြီး ဂိုးပေါင်းပတ်သက်မှုငါးကြိမ်ထိပြုလုပ်၍ အသင်းကိုနိုင်ပွဲရယူပေးခဲ့သည်။

အာဂျင်တီးနား အသင်းသည် တောင်အမေရိကဇုန် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ၁၀ ပွဲကစားအပြီးတွင် ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၂၂ မှတ်ရရှိခဲ့ပြီး ဒုတိယနေရာမှ ကိုလံဘီယာအသင်းနှင့် ရမှတ် သုံးမှတ်ကွာဟနေသော်လည်း ပြိုင်ပွဲဝင်အသင်းခြောက်သင်းထိ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် သေချာနေကြောင်း သိရသည်။

Ref : Sky Sports
Trs : ML

# ဆယ်စုနှစ် နှစ်စုအတွင်း ဝေးလ်နိုင်ငံ၏ အကောင်းဆုံးလက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူ ဝီလီယံ လက်ဝှေ့လောကမှ အနားယူကြောင်း ထုတ်ပြန်ကြေညာ

**ကာဒစ် အောက်တိုဘာ ၁၆**

British၊ European၊ Com-monwealth မစ်ဒယ်ဝိတ်တန်းချန်ပီယံဟောင်း ဆယ်စုနှစ်နှစ်စုအတွင်းဝေးလ်လက်ဝှေ့လောက၏ အကောင်းဆုံး လက်ဝှေ့ကစားသမားအဖြစ် သတ်မှတ်ခံထားရသူ ဝီလီယံက လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။



အသက် ၃၂ နှစ်ရှိ ဝီလီယံသည် ဦးခေါင်းဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ဦးနှောက်ပါ ဒဏ်ရာရရှိခဲ့ခြင်းကြောင့် လက်ဝှေ့လောကမှ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝီလီယံသည်ပြီးခဲ့သည့်ဖေဖော်ဝါရီလက ဗြိတိန်လက်ဝှေ့သမား ဟမ်ဇက်ရှီရက်ဖ်နှင့် ထိုးသတ်ခဲ့ပြီး ပထမအချီ၌ပင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ကာ ဦးခေါင်းထိခိုက်မိခဲ့ပြီး ဦးနှောက်အတွင်းပါ ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာကိုဆေးကုသမှုပြုလုပ်လျက်ရှိရာ ဒဏ်ရာအခြေအနေသည် လုကောင်းပကတိအတိုင်းဖြစ်မလာနိုင်တော့ဘဲ ပြင်းပြင်းထန်ထန်လှုပ်ရှား၍ မရနိုင်တော့သည့်အတွက် ဆရာဝန်၏ အကြံပြုချက်အရ လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဝီလီယံက "လက်ဝှေ့အားကစားက ရက်စက်ကြမ်းကြုတ်တဲ့အားကစားနည်းဆိုတာ ကျွန်တော်သိပါတယ်။ အခုကျွန်တော်ရထားတဲ့ ဒဏ်ရာဟာလုကောင်းပကတိပြန်မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် လက်ဝှေ့လောကကနေအနားယူဖို့ ဆုံးဖြတ်လိုက်တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

"လှိုင်လှိုင်သာသင်းတော့တယ်၊
ကန်မင်းငယ်နန္ဒာ၊
လျှံဝင်းငယ်ဖြာသည်၊
ပွင့်ရွှေကြာမြိုင်မြိုင်နှင့်၊
ကြိုင်ကြိုင်သင်းတဲ့လကိုလေး"ဟု မဟာအတုလ မင်းကြီးဖွဲ့ဆိုသော သီတင်းကျွတ်လ လွမ်းချင်းသည် ဗုဒ္ဓဘာသာဝင်များ တန်ဖိုးထား လေးစားရပါသော သီတင်းကျွတ်လ၏ ပြယုဂ်ကောင်းတစ်ခု ဖြစ်ပါသည်။

သဗ္ဗညု မြတ်စွာဘုရားသည် အဘိဓမ္မာတရားကို ခြောက်ဝါအလွန် ခုနစ်ဝါအရောက် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကို ကျေးဇူးဆပ်လိုသောအားဖြင့် နတ်၊ဗြဟ္မာအပေါင်းတို့အားဟောကြားတော်မူခဲ့ပါသည်။ ဓမ္မတကာထက် သာလွန်ထူးခြားသည့် ဓမ္မဖြစ်သည့်အတွက် အဘိဓမ္မ၊ အဘိဓမ္မာဟု ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု မှတ်သားရပါသည်။ အဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဟောကြားခဲ့ပါသည်။ အကြောင်းအသို့နည်း။ အဘိဓမ္မာတရားတော်သည် သုတ္တန်ဒေသနာ၊ ဝိနည်းဒေသနာတော်များကဲ့သို့ လူတို့၏အချိန်ကာလ တစ်ရက်အတွင်း၌ အစ၊ အလယ်၊ အဆုံး ပြီးပြည့်စုံအောင်ဟောကြား၍မဖြစ်ပါ။ အဘိဓမ္မာဒေသနာသည် အလွန်ကျယ်ဝန်း၍ ခက်ခဲနက်နဲသော ဒေသနာတော်ဖြစ်သည်။

အဘိဓမ္မာတရား ဟောကြားတော်မူရာတွင် သုတ္တန်ဒေသနာ၌ ဟောတော်မူခြင်းမျိုးမဟုတ်ပေ။ သုတ္တန်၌ ခန္ဓာငါးပါးကို တစ်မျက်နှာမျှလောက်ဟောလျှင် အဘိဓမ္မာ၌ စာမျက်နှာ ၈၀ လောက်ကို ကျယ်ကျယ်ပြန့်ပြန့်ဟောထားသည်ကို တွေ့ရသည်။ အကြွင်းအကျန်မရှိ ဟောတော်မူ၏။ အဘိဓမ္မာတရား၏ ရှည်လျားသောဒေသနာတော်အစဉ်ကို လူသားများ ဣရိယာပုတ်တစ်ခုတည်းဖြင့် ပြီးဆုံးအောင် နာယူနိုင်သောစွမ်းရည်မရှိပါ။ လူတို့၏အချိန်ကာလ ဝါတွင်းသုံးလသည် တာဝတိံသာနတ်တို့၏အချိန်ကာလ တစ်ခဏမျှသာဖြစ်ပါသည်။ ဤအကြောင်းအရာများကြောင့် ဘုရားရှင်တိုင်း အဘိဓမ္မာတရားတော်ကို လူ့ပြည်၌ မဟောကြားဘဲ နတ်ပြည်တွင်သာ ဟောကြားတော်မူခြင်းဖြစ်ပါသည်။

"ပျော်ရာဒေဝိန်၊ တာဝတိံဝယ်၊ ဟောချိန်လည်းသိ၊အဘိဓမ္မာ၊ဒေသနာလည်း၊တံထွာမချွတ်"ဟူသော ကိုးခန်းပျို့လာစကားစဉ်ကဲ့သို့ သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားပြီးဆုံးသည်ကို ရည်စူး၍ ဤနေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် အထိမ်းအမှတ်ပွဲများ ဆင်ယင်ကျင်းပကြပါသည်။ သီတင်းကျွတ်လပြည့်နေ့သည် ဝိသေသထူးများဖြင့် ပြည့်လျှမ်းသောနေ့ဖြစ်ပါသည်။ နတ်ပြည်တွင် နတ်ပရိသတ်များကို အကျယ်ဟောကြားပြီးဆုံးခြင်းသည် သီတင်းကျွတ်လပြည့်နေ့၊ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာကို အကျဉ်းဟောကြားပြီးဆုံးခြင်းသည် သီတင်းကျွတ်လပြည့်နေ့။ ရှင်သာရိပုတ္တရာက တပည့်ငါးရာတို့ကို မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် သင်ကြားပို့ချပြီးဆုံးခြင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့ဖြစ်ပါသည်။ ဤအကြောင်းများကြောင့် သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့အဖြစ် အနှစ်သာရ ပြည့်ဝထူးကဲသော နေ့ထူးနေ့မြတ်ဖြစ်တော့သည်။

သဗ္ဗညုမြတ်စွာဘုရားသည် အဘိဓမ္မာတရားကို ဝါတွင်းသုံးလဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးသောကြောင့် လူတို့နေရာ သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်သက်ဆင်းတော်မူပါသည်။ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းရာ၌ နတ်ပရိသတ်များက လက်ယာဘက် ရွှေစောင်းတန်း၊ ဗြဟ္မာပရိသတ်များက လက်ဝဲဘက် ငွေစောင်းတန်း၊ မြတ်စွာဘုရားက အလယ်ပတ္တမြားစောင်းတန်းမှ သက်ဆင်းတော်မူပါသည်။ မာတလိနတ်သားက မြတ်စွာဘုရားအနီး ဝဲဘက်တော်မှ ခစားလိုက်ပါပြီး ပဉ္စသိခနတ်သားက စောင်းတီးပူဇော်ရင်း လိုက်ပါပို့ဆောင်ပါသည်။ သိကြားမင်းက ဘုရားနောက်တော်မှ ထီးမိုးလိုက်ပါပြီး သုယာမနတ်သားက ယပ်ခတ်လျက်လိုက်ပါလာပါသည်။

ဤမျှ ကြည်ညိုဖွယ် မြတ်စွာဘုရား၏ အဆင်းတော်နှင့် အခြံအရံပရိသတ်၏ သရုပ်သကန်ကို ပုသိမ် တက္ကသိုလ်တွင် အမှုထမ်းစဉ်က မိဘသဖွယ်စောင့်ရှောက်ခဲ့သော ဘဘ ဦးသန်းရွှေ နှင့် ကြီးကြီး ဒေါ်စိန်မြင့်တို့၏ ကျေးဇူးကြောင့် ပုသိမ်တွင် နာမည်ကြီး ကုသိနာရုံဘုရားတွင် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့၌ ပူဇော်ခဲ့ရပုံကို ယနေ့တိုင် မျက်ဝါး ထင်ထင်မှတ်မိနေဆဲဖြစ်ပါသည်။ ဘုရားဆင်းသောနေ့ဟု ဒေသအခေါ်ရှိသော လပြည့်ကျော်တစ်ရက်နေ့ ကား ယခင်က ဇာတ်ပွဲများဖြင့် အထူးစည်ကားလှပေသည်။

ထိုသို့ မြတ်စွာဘုရား လူ့ပြည်သို့ သက်ဆင်းတော်မူရာတွင် ဗုဒ္ဓအသရေတော်ကို ဖူးတွေ့လိုက်ရသူများမှာ ဗောဓိဆုကို ရလိုကြောင်း ဆုတောင်းသူများကြသည်ဟု မှတ်သားဖူးပါသည်။ ကုဋေပေါင်းများစွာ ကျွတ်တမ်းဝင်လိုကြသည်ဟု ပိဋကတ်ကျမ်းဂန်များတွင်လည်း ဖော်ပြထားပါသည်။

မြတ်စွာဘုရားသခင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်ရာ၌ မီးရှူးတန်ဆောင် အလင်းရောင်တို့ဖြင့် ထွန်းညှိပူဇော်ကြသည့်ထုံးကိုနှလုံးမူ၍ နှောင်းခေတ်ဗုဒ္ဓဘာသာဝင်တို့က သီတင်းကျွတ်ချိန်တွင် မြင်းမိုရ်မီးပွဲထွန်းညှိပူဇော်ကြခြင်းဟူသော အစဉ်အလာ ယဉ်ကျေးမှုတစ်ရပ်လည်း ထွန်းပေါ်လာခဲ့ရပေသည်။

**❖သီတင်းကျွတ်လပြည့်နေ့သည် ဝိသေသထူးများဖြင့် ပြည့်လျှမ်းသောနေ့ဖြစ်ပါသည်။ နတ်ပြည်တွင် နတ်ပရိသတ်များကို အကျယ်ဟောကြားပြီးဆုံးခြင်းသည် သီတင်းကျွတ်လပြည့်နေ့၊ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာကို အကျဉ်းဟောကြားပြီးဆုံးခြင်းသည် သီတင်းကျွတ်လပြည့်နေ့။ ရှင်သာရိပုတ္တရာက တပည့်ငါးရာတို့ကို မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် သင်ကြားပို့ချ ပြီးဆုံးခြင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့ဖြစ်ပါသည်။ ဤအကြောင်းများကြောင့် သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့အဖြစ် အနှစ်သာရပြည့်ဝထူးကဲသော နေ့ထူးနေ့မြတ်ဖြစ်တော့သည်။❖**

အဘိဓမ္မာကို ဆရာဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်တွင် သဘောသက်သက်မျှဖြစ်သောတရား။ ယင်းတို့ကို ပြသောကျမ်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံတွင် "အဘိဓမ္မာပိဋကတ်ဆိုတာ ဓမ္မ(တရား)အားလျော်စွာ ဆုံးမတတ်တဲ့သာသနာဖြစ်တယ်။ တရားသဘာဝအတိုင်း (ပုဂ္ဂိုလ်ကိုမကြည့်ဘဲ) တရားသဘာဝ(အရှိကိုအရှိအတိုင်း)ဟောကြားထားတဲ့ သဘာဝတရားတို့ရဲ့ ဖြစ်စဉ်အကြောင်းကိုသာ ဟောကြားထားပါတယ်။ ဒီဒေသနာတော်မှာ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ(ဦးစားပေး)ရုပ်တရား၊ နာမ်တရားတို့သာ ရှိကြပါတယ်"ဟူ၍ အဘိဓမ္မာသဘောကို သာကစ္ဆာ ဓမ္မဇောတိကဓဇ ဆရာဦးဆန်းလင်း(ဆည်မြောင်း)က ဗုဒ္ဓ၏ဓမ္မအမွေများစာအုပ်တွင် ဖွင့်ဆိုထားပုံကို မှတ်သားဖွယ်တွေ့ရှိရပါသည်။

ဆက်လက်၍ အကြွင်းအကျန်မရှိ ဝေဖန်မှုကို အဘိဓမ္မာဟုခေါ်ကြောင်း သမ္မာဒိဋ္ဌိကို သာဓကဆောင်၍ ဤသို့ ရှင်းပြထားသေး၏။ "ဓမ္မစကြာ၌ပါဝင်သည့် မဂ္ဂင်ရှစ်ပါးထဲမှ သမ္မာဒိဋ္ဌိတစ်ခုပင်ကြည့်ကြပါစို့။ သမ္မာဒိဋ္ဌိကို သဘောတရားအရ ကောက်ယူလျှင် ပညာ၊ အမောဟ စေတသိတ်ရ၏။ ဤတစ်ခုကိုပင် အဘိဓမ္မာဖြင့် အကြွင်းမဲ့အစချီကာ သမ္မာဒိဋ္ဌိသည် အတွင်း(အဇ္ဈတ္တ)သန္တာန်၌ဖြစ်၏။ ပူပန်စေတတ်သော၊ နှိပ်စက်တတ်သော ကိလေသာလည်းမဟုတ်။ ကိလေသာနှင့်လည်းမယှဉ်။ သမ္မာဒိဋ္ဌိသည် ပယ်စွန့်အပ်သောတရားမဟုတ်။ လောကီ၌လည်း အကျိုးဝင်၏။ လောကုတ္တရာ၌လည်း အကျိုးဝင်၏။ နိယျာနိကလည်းရှိ၏။ အနိယျာနိကလည်းရှိ၏"ဟူ၍ အကြွင်းအကျန်မရှိ ဝေဖန်မှုသဘောကိုတွေ့ရ၏။ ဤသည်ကိုပင် အဘိဓမ္မာဟု ခေါ်ဆိုကြောင်း ဆရာ ဦးဆန်းလင်း ရှင်းလင်းတင်ပြထားပုံမှာ ဗဟုသုတတိုးစေပါသည်။

ထို့ပြင် အဘိဓမ္မာတရားသည် အမိကျေးဇူးဆပ်တရားဖြစ်ပြီး အဘိဓမ္မာသည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ အရေအတွက် ခုနစ်ကျမ်းရှိပါသည်။ နတ်ပြည်၌ဟောခြင်း၊ သုံးလကြာမျှဟောရခြင်း၊ ပကတိဘုရားနှင့် နိမ္မိတဘုရားတို့ တစ်လှည့်စီဟောကြားခြင်းဟူသော ထူးခြားချက်များနှင့်ပြည့်စုံသော တရားလည်းဖြစ်ပါသည်။

အလားတူ သာလွန်ထူးခြားသောတရားဟု မှတ်သားနိုင်သည့် အဘိဓမ္မာတရားသည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏နက်နဲခြင်း၊ ဉာဏ်တော်၏နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံပါပေသည်။ အဘိဓမ္မာတရားကို မြတ်စွာဘုရား အဘယ်အကျိုးအတွက် ဟောသနည်းကို သုံးသပ်လျှင် သတ္တဝါများ ဩဃလေးဖြာ သံသရာဝဲဂယက်မှ အမြဲလွတ်အောင် ထုတ်ဆောင်ကယ်တင်ရန်အတွက် ဟောကြောင်း၊ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအမှူးရှိသော နတ်ဗြဟ္မာအပေါင်းတို့က နာယူခဲ့ကြောင်း လေ့လာသိရှိရပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ သေက္ခပုဂ္ဂိုလ်များနှင့် ကလျာဏပုထုဇဉ်များက သင်ယူကြဆဲ၊ ကျင့်ကြံကြဆဲဖြစ်ပါသည်။ အသဝေါကုန်ခမ်းတော်မူပြီးဖြစ်ကြသော ရဟန္တာအရှင်သူမြတ်တို့ကား သင်ပြီးကျင့်ဆောင်ပြီးဖြစ်သည်ဟု မှတ်သားရပါသည်။

အဘိဓမ္မာတရားကို ရွတ်ဖတ်ပူဇော်ခြင်း၊ သင်ကြားနာယူခြင်းကြောင့် လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းအထောက်အပံ့ကောင်းရနိုင်ခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းဝေးခြင်း၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံခြင်းဟူသော အကျိုးတရားများကို ရရှိနိုင်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံတွင် ပါဝင်သော ခက်ခဲနက်နဲသည့် အဘိဓမ္မာတရားတော် မြတ်သည် သမ္မာ သမ္ဗုဒ္ဓ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စကားတော်အစစ်အမှန်လည်းဖြစ်ပေသည်။ မြတ်စွာဘုရားရှင် ၄၅-ဝါသောကာလအတွင်း ဟောဖော်ညွှန်ပြခဲ့သော ဓမ္မရတနာဟူသမျှသည် အနှစ်များချည်းဖြစ်သကဲ့သို့ သဗ္ဗညုတဉာဏ်၏အစွမ်းကို ထင်ရှားစေသည်ချည်းဖြစ်ရာ အဘိဓမ္မာဒေသနာတော်ကို လူတိုင်းကိုယ်စီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ သင်ယူမှတ်သားကာ နှလုံးသားထွင်း ဆောင်သွင်းထားအပ်ကြောင်း သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့မြတ်အား ရှိသေစွာ ဦးခိုက်လျက် ပူဇော်အပ်ပါသတည်း။

**ဘယ်လရီ**

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## မစ္စတာချက်ကြီး ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၈ ရက်တွင် SkyNet၊ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးမည်




**ရန်ကုန် အောက်တိုဘာ ၁၆**

မစ္စတာချက်ကြီး ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၈ ရက် ည ၉ နာရီတွင် SkyNet ရုပ်သံလိုင်း၊ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခင်လှိုင်က ပြောပြ၍ သိရသည်။

မစ္စတာချက်ကြီး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က တာဝန်ယူကာ ပုံဖော်ရိုက်ကူးထားသည့် ၂၀၂၃ ခုနှစ် မေလက နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ဟာသဇာတ်မြူးပါ။ ၂၀၂၃ မေလက ရုံတင်ခဲ့ပြီးပါပြီ။ မြင့်မြတ်ကို ဒီဇာတ်ကားမှာ တလွဲတွေချက်တတ်တဲ့ စားဖိုမှူးအနေနဲ့ မြင်ရမှာပါ။ ချက်ကြီးကျွေးတဲ့ ဟင်းမှန်သမျှ မစားချင်လို့ တစ်ရွာလုံးက ပတ်ပြေးလဲ ချက်ကြီးဟင်းချက်တာက တော့ ရပ်မသွားခဲ့ဘူး။ တစ်လွဲစားဖိုမှူးချက်ကြီးနဲ့ မိန်းမချောလေးနှစ်ယောက် ဘယ်လိုဆုံပြီး ဘာတွေဖြစ်မလဲ စောင့်ကြည့်ပေးပါအုံး"ဟု သရုပ်ဆောင် ခင်လှိုင်က ပြောပြသည်။

မစ္စတာချက်ကြီး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ခင်လှိုင်၊ ငှက်ပျောကြော်၊ ဆင်မ၊ ဇော်ဝင်းနိုင်၊ ယွန်းယွန်း ၊ နော်ဖော် အယ်ထားနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

ASH

## In Memoriam ဟာသဇာတ်ကား၌ မင်းသမီး တာလီယာရိုင်ဒါ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၆**

In Memoriam အမည်ရှိ ဟာသရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး တာလီယာရိုင်ဒါ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

In Memoriam ဇာတ်ကားတွင် မင်းသမီး တာလီယာရိုင်ဒါသည် မင်းသား မက်မာရွန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

In Memoriam ဇာတ်ကားကို ဒါရိုက်တာ ရှော့ဘန်းနက်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။


အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ရှော့ဘန်းနက်ကပင် တာဝန်ယူ ရေးသားပေးမည်ဖြစ်သည်။

In Memoriam ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို လော့အိန်ဂျလိစ်မြို့တော်၌ အောက်တိုဘာ ၁၄ ရက်တွင် စတင်မည်ဖြစ်ပြီး လက်ရှိတွင် In Memoriam ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





## တေးသံရှင် အောင်ထက်နှင့် နီနီခင်ဇော်တို့ပါဝင်မည့် တေးဂီတဖျော်ဖြေပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Excellent တွင် ပြုလုပ်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

တေးသံရှင် အောင်ထက်နှင့် နီနီခင်ဇော်တို့ပါဝင်မည့် တေးဂီတဖျော်ဖြေပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Excellent တွင်ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အောင်ထက်က ပြောပြ၍ သိရသည်။

တေးသံရှင် အောင်ထက်နှင့် နီနီခင်ဇော်တို့ပါဝင်မည့် တေးသီချင်းဖျော်ဖြေပွဲကို အောက်တိုဘာ ၁၇ ရက် သီတင်းကျွတ်လပြည့်နေ့ ညတွင် Thadingyut Festival ( Full Moon Night ) အမည်ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နှစ်ယောက်ရဲ့ ဖျော်ဖြေတင်ဆက်မှုတွေကို Excellent Music Band ကလဲ အကောင်းဆုံးပံ့ပိုးကူညီ တီးခတ်




ပေးမှာဖြစ်ပါတယ်။ သီတင်းကျွတ်လပြည့်နေ့ရဲ့ ဂီတညတစ်ညကို တေးသီချင်းတွေနဲ့ အတူတူဖြတ်သန်းကြပါစို့လားခင်ဗျာ"ဟု အဆိုတော် အောင်ထက်က ပြောပြသည်။

တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို Excellent Music Band တေးဂီတအဖွဲ့က ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ တေးသံရှင်နှစ်ဦး သီဆိုဖျော်ဖြေမည့် Full Moon Night တေးဂီတဖျော်ဖြေပွဲကို သီတင်းကျွတ်လပြည့်ည ၆ နာရီ မိနစ် ၃၀ မှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

## ၉၇ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲအတွက် Old Righteous Blues ဇာတ်ကားကို တောင်အာဖရိက ရွေးချယ်

**နယူးယောက် အောက်တိုဘာ ၁၆**

၉၇ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲအတွက် Old Righteous Blues အမည်ရှိ ဇာတ်ကားကို နိုင်ငံကိုယ်စားပြု ဇာတ်ကားအဖြစ် တောင်အာဖရိက နိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

Old Righteous Blues ဇာတ်ကားသည် စိတ်ဝမ်းကွဲပြားနေသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ပြန်လည်စုစည်းရေးအတွက် ဂီတ၏ အင်အားကိုအသုံးချရန် ကြိုးစားခဲ့သော လူငယ်တစ်စု၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို တောင်အာဖရိက ဒါရိုက်တာ မူနီရာဆယ်လီက တာဝန်ယူရိုက်ကူးပေးခဲ့ခြင်းဖြစ်ပြီး တောင်အာဖရိကနိုင်ငံက တင်သွင်းခဲ့သည့် ဇာတ်ကားများသည် နိုင်ငံတကာ အကောင်းဆုံး ရုပ်ရှင် အော်စကာဆုဆန်ခါတင်စာရင်း၌ နှစ်ကြိမ်တိုင်တိုင် ပါဝင်ခဲ့ဖူးပြီး တစ်ကြိမ်ဆုရရှိခဲ့သည်။

တောင်အာဖရိကနိုင်ငံက ၂၀၀၅ ခုနှစ်တွင် တင်သွင်းခဲ့သော Tsotsi အမည်ရှိ ဇာတ်ကားသည် နိုင်ငံတကာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားအော်စကာဆုကို ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် တင်သွင်းခဲ့သည့် The Wound အမည်ရှိဇာတ်ကားမှာ ဆန်ခါတင်စာရင်းတွင်ပါဝင်ခဲ့သည်။

**Ref : Sputnik News**

**Trs : KKO**




## Original Gangster 3 ရုပ်ရှင်ဇာတ်ကား သီတင်းကျွတ်လပြည့်နေ့မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




**ရန်ကုန် အောက်တိုဘာ ၁၆**

Golden King film Production မှ ရိုက်ကူးထုတ်လုပ်သည့် Original Gangster 3 ရုပ်ရှင်ဇာတ်ကားကို သီတင်းကျွတ်လပြည့်နေ့မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ယုန်လေးက ပြောပြ၍ သိရသည်။

Original Gangster 3 ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ယုန်လေးက ရေးသားထားပြီး ဒီရေလှိုင်းက ဇာတ်ညွှန်းရေးသားကာ Golden King Film Production အတွက် ဒါရိုက်တာ ယုန်လေးက ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကို ကျွန်တော်ရိုက်တာက ၂၀၁၆ ခုနှစ်က တစ်ကားလုံးမပြသင့်ဆိုပြီး ဆင်ဆာပိတ်ခံခဲ့ရပါတယ်။ ဒီဇာတ်ကားကို ကျွန်တော်ကြိုးစားရင်း ၂၀၁၉ ရောက်တော့ ဇာတ်ကားရဲ့ ဇာတ်ညွှန်းစာသားပြင်ပြီး ပြန်တင်မှ ဆက်ရိုက်ခွင့်ရခဲ့တာပါ။ ၁၉ ရက် ၃ လပိုင်း ၂၀၀၀ ပြည့်နှစ်မှာ ရုံတင်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ ကိုဗစ်ဖြစ်လို့ ရုံမတင်ရဘဲကြာသွားတာပါ။ လိုအပ်တာတွေ ဟိုပြင်သည်ပြင်နဲ့ နောက်ဆုံးတော့ သီတင်းကျွတ်လပြည့်နေ့မှာ ရုံတင်နိုင်ပါပြီ" ဟု ဒါရိုက်တာ ယုန်လေးက ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ယုန်လေး၊ ထူးခြား၊ ယုသန္တာတင်၊ နန်းခင်ဇေယျာ၊ ခင်ဝင့်ဝါနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy Maha Janaka drama of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy Maha Janaka drama of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions.

**Nay Pyi Taw October 16**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoyed Maha Janaka drama, one of the 10 Jataka tales, contest of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions at the open air theatre of Nay Pyi Taw Development Affairs Committee here this evening.

Present together with the Senior General and wife were SAC member General Maung Maung Aye and wife, union ministers and wives, the Nay Pyi Taw Council chair, deputy ministers, judges, managers, coaches, national races contestants from regions and states, cadets who were on a study tour in Nay Pyi Taw, civil servants and families, and drama lovers.

The Senior General and wife and party enjoyed the narratives, dramatic dialogues, songs, emotional scenes, words of Maha Janaka drama performed by Min Naing Soe theatrical troupe of Mon State, combined with music, dances and beautiful scenes.

After the contest the Senior General and wife cordially greeted judges and contestants.

Maha Ayeya theatrical troupe of Ayeyawady Region took part in the Maha Janaka drama contest on 14 October, Phankha Myay theatrical troupe of Magway Region, on 15 October and Min Naing Soe theatrical troupe of Mon State, today.

Theatrical troupes of Mandalay Region, Yangon Region, Bago Region and Sagaing Region will took part in the contest on the respective days during the period from 17 to 20 October. 100

# Plan underway to grow more than 80,000 acres of winter crops in Pwintbyu Township

**Pwintbyu October 16**

The Agriculture Department in Pwintbyu Township of Magway Region stated that a plan is underway to grow more than 80,000 acres of winter crops in the entire township for developing agricultural production and increasing incomes of local farmers.

Local farmers will utilize water from Mezali diversion weir and Mone Creek in Pwintbyu Township for cultivation of crops round the year. They grow groundnut, sunflower, sesame, niger, corns, pulses and beans, kitchen crops and other crops.

Officials from Township Agriculture Department and relevant departments decided to help local farmers apply correct agricultural techniques and systematically use fertilizers.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department explained: “Local authorities earmarked cultivation of 85,612 acres of winter crops in the township. Hence, local farmers will cultivate groundnut, sesame, sunflower and niger on 27,992 acres, corns on 3,008 acres, pulses and beans on 41,800 acres, kitchen crops on 2,557 acres, vegetables on 1,742 acres, animal feeds on 7,908 acres, general crops on 385 acres and other fibre crops on 220 acres, totalling 85,612 acres.”

She continued, “Our department will provide necessary aid for local farmers to grow crops to meet the target cultivation, apply agricultural techniques and produce natural pesticides and natural fertilizers to cut agricultural cost.”

Pwintbyu Township is formed with four wards and 205 villages in 56 village-tracts. Local farmers grow marketable crops under the supervision of the Township Agriculture Department.

Ye Win Naing (NyaungU)



A winter crop plantation.

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Cultivation of more than 22,000 acres of maize and corns finished in Kalay Township


A thriving corn field.

**Kalay October 16**

A total of 22,879 acres of croplands have been placed under monsoon maize and corn plantations in Kalay Township of Sagaing Region this year, according to the statistics of Kalay Township Agriculture Department.

Township authorities planned to grow 17,254 acres of maize and 6,028 acres of corns, totalling 23,282 acres this monsoon. But, local farmers planted 22,879 acres of crops including 16,572 acres of maize and 6,307 acres of corns.

U Naing Tun Win, Head of Kalay Township Agriculture Department clarified: "We earmarked more than 23,000 acres of maize and corns in Kalay Township this monsoon. But, local farmers have planted more than 22,000 acres of crops. Our department is serving the duties for prevention of pests to boost production of crops."

This year, officials of the Township Agriculture Department conducted training courses for local farmers and agriculture staff for enhancement of their capacity to grow maize and corn plantations. Moreover, departmental officials held field demonstrations, prevention of FAW and making natural fertilizers and pesticides for reducing agricultural charges.

In Kalay Township, maize yields more than 50 baskets of maize seeds per acre and farmers need to cost K500,000 per acre. They produce corn as 15,000 pieces of corn per acre and it costs more than K500,000 per acre. 206

# Hinthada Township ships 70,000 viss of phlomoides to Yangon market in September

**Hinthada October 16**

Local businesspersons sent 80,000 viss of phlomoides to Yangon market in September, said Daw Aye Thein, the owner of agricultural produce trading in Hinthada Township of Ayeyawady Region.

Local businesspersons supplied 50,000 viss of phlomoides to Yangon market in August, compared to 70,000 viss in September.

Daw Aye Thein disclosed: "Local farmers and businesspersons sell phlomoides to Yangon market. In September, they sent 70,000 viss of phlomoides to Yangon market which distribute the stocks to other regions and states on wholesale and retail sale. Due to high demand, the businesspersons who stored the stock can earn increased incomes. Phlomoides is in high demand in winter and summer. At present, they trade the remaining stocks."

Local farmers grow phlomoides along the shores of sea in Hinthada Township. It needs to spray pesticides and anti-fungus to the plantations. If necessary, the patches are irrigated. Phlomoides seeds yield 17-24 baskets per acre.

Kyaw Kyaw Lin


Samples of phlomoides put in a sack.

# Farmers finish cultivation of more than 80,000 acres of green gram in Kanbalu Township

**Kanbalu October 16**

Statistics of Kanbalu Township Agriculture Department in Sagaing Region stated that a total of 88,715 acres of green gram has been planted in the township.

In 2024-25 monsoon season, local authorities earmarked cultivation of 83,944 acres of green gram in Kanbalu Township but local farmers have so far planted 88,715 acres of crops exceeding the target cultivation.

U Myo Zaw, Head of Kanbalu Township Agriculture Department revealed: "Local farmers exceeded the target cultivation of green gram in monsoon on 88,715 acres, more than 83,944 planned acres. Our department raised farmer awareness of growing green gram to expand sown acreage and initiatives for boosting per-acre yield by using quality strains of crops."

This year, agricultural staff members of the township department helped local farmers use quality strains of crops, prevent pests and systematically use fertilizers.

Moreover, officials cooperate with local farmers for providing agricultural techniques and post-harvest technology in growing monsoon green gram this year.

206

# 90 killed, 50 injured in gasoline tanker explosion in Nigeria: police

**Abuja October 16**

At least 90 people were killed and 50 others sustained various degrees of injury after a gasoline tanker exploded in Nigeria's northern state of Jigawa late Tuesday, police said on Wednesday.

The victims were mostly people who had rushed to the scene to collect gasoline after the tanker lost control and overturned in Majiya, a town in the Taura local government area, Shi'isu Lawan Adam, the spokesman for the Jigawa police, told Xinhua over phone.

"The tanker spilled its contents into a drainage ditch after overturning. The high casualty count is due to the crowd that gathered around the accident scene," Adam said.

The injured were taken to a government hospital for treatment, while a mass burial for the deceased was arranged for Wednesday morning, he added. Xinhua

# Two giant pandas from China arrive in Washington, D.C.

**Washington October 16**

A pair of giant pandas, Bao Li and Qing Bao, arrived at Washington, D.C. on Tuesday, after an approximately 19-hour trans-Pacific trip from Sichuan Province in southwest China.

A dedicated "FedEx Panda Express" Boeing 777F aircraft landed at the Dulles International Airport near Washington, D.C. at around 10:00 a.m. local time (1400 GMT).

The pandas were loaded onto trucks and were sent to the Smithsonian's National Zoo and Conservation Biology Institute (NZCBI). The three-year-old pandas will make their new home at the zoo, as part of a 10-year international giant panda protection cooperation program.

"Our team has worked tirelessly to prepare for the pandas' arrival, and we're thrilled to welcome Bao Li and Qing Bao to Washington, D.C.," Brandie Smith, NZCBI's John and Adrienne Mars director, said in a statement.

"I am appreciative of our Chinese colleagues for our collaborative conservation and research efforts, to FedEx for providing them with safe transportation and to our donors and members whose philanthropic contributions makes our giant panda conservation program possible," said Smith.

Bao Li, male, whose name means "treasure" and "energy" in Chinese, was born in August 2021. He shares a special bond with the zoo, as he is the son of Bao Bao and the grandson of Tian Tian and Mei Xiang -- all former residents of the zoo.

Xinhua



An airplane transporting giant pandas arrives at the Dulles International Airport near Washington, D.C., the United States, on Oct. 15, 2024.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက အလေးချိန်ခြောက်တန်ရှိ Zhang Ying R6000 Tiltrotor UAV ထုတ်လုပ်လျက်ရှိ



တရုတ်နိုင်ငံသည် Wuhu Aviation Industrial Park တွင် ထုတ်လုပ်လျက်ရှိသည့် Zhang Ying R6000 Tiltrotor UAV ၏ဓာတ်ပုံများကို ပထမဦးဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

2024 Singapore Airshow တွင် ပုဂ္ဂလိကကုမ္ပဏီ United Aircraft က ကနဦးပြသခဲ့သည့် အလေးချိန် ခြောက်တန်ရှိသော Tiltrotor အမျိုးအစား UAV သည်ကမ္ဘာ့ပထမဆုံး UAVဖြစ်လာခဲ့သည်။ ခရီးသည် ၁၀ ဦးကိုသယ်ဆောင်ရန် ဒီဇိုင်းထုတ်ထားသည့် R6000 UAV သည် လက်ရှိတွင် အရပ်ဘက်တာဝန်များအတွက် ရည်ရွယ်ထားပြီး ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးအတွက် သမားရိုးကျ လေယာဉ်များနှင့်ခြားနားသော အဆင့်မြင့်နည်းပညာသတ်မှတ်ချက်များပါရှိသည်။

ပုံမှန်အမြန်နှုန်းတစ်နာရီ ကီလိုမီတာ ၅၅၀၊ အများဆုံးအမြင့် မီတာ ၇၆၂၀ နှင့် အကွာအဝေးကီလိုမီတာ ၄၀၀၀ ထိပျံသန်းတာဝန်ထမ်းဆောင်နိုင်သော R6000 သည် တရုတ်နိုင်ငံ၏ လေကြောင်းဆိုင်ရာနည်းပညာဆိုင်ရာရည်မှန်းချက်များနှင့် အရပ်ဘက်၊ စစ်ဘက် ပေါင်းစည်းအသုံးချနိုင်ရေးချဉ်းကပ်ပုံကို ဖော်ညွှန်းပြနေခြင်းလည်းဖြစ်သည်။

R6000 ကို UR6000 ဟုလည်း သုံးနှုန်းလေ့ရှိပြီး Singapore Airshow တွင် အရပ်ဘက်အသုံးပြုမှုများအတွက် ကနဦးအခန်းကဏ္ဍကို မီးမောင်းထိုးပြထားသည်။ သို့သော်လည်း United Aircraft ၏ ဝက်ဘ်ဆိုက်ရှိဓာတ်ပုံများတွင် တရုတ်လေတပ်၏ အဆောင်အယောင်များဖြင့် UAV ကို တွေ့မြင်ခဲ့ရခြင်းကြောင့် စစ်ဘက်၊ အရပ်ဘက် ပေါင်းစည်းအသုံးချနိုင်ရေးမူဝါဒကို ကုမ္ပဏီက တွန်းအားပေးဆောင်ရွက်နေမှုကို အသိအမှတ်ပြုနိုင်မည်ဖြစ်သည်။

R6000 UAV စီမံကိန်းသည် မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးတာဝန်များအတွက် တီထွင်ထုတ်လုပ်ထားသော Uncrewed Coaxial မောင်းသူမဲ့ရဟတ်ယာဉ်များဖြင့် United Aircraft ကုမ္ပဏီ၏ ရှေ့ပြေးအောင်မြင်မှုများမှ ပေါက်ဖွားလာခဲ့ခြင်းလည်းဖြစ်သည်။ အလေးချိန် ကီလိုဂရမ် ၆၀၀ TD550 နှင့် အလေးချိန် ကီလိုဂရမ် ၃၅၀ TD220 ကဲ့သို့သော ယခင် UAV များသည် ကုမ္ပဏီ၏ အသုံးချပရိုဂရမ်အမျိုးမျိုးတွင် ကိုယ်ပိုင်လုပ်ဆောင်နိုင်မှုစနစ်များ၌ ကျွမ်းကျင်မှုရရှိစေခဲ့သည်။

R6000 UAV ဖွဲ့စည်းပုံသည် ရှေ့တည့်တည့် ထိပ်ပိုင်းတွင် တောင်ပံနှင့် ဒေါင်လိုက် နောက်မြီးတောင်ပံ နှစ်ခုဖြင့် ဆန်းသစ်သောဒီဇိုင်းမျိုးဖြစ်ပြီး ဒေါင်လိုက်ပျံသန်းချိန်တည်ငြိမ်စေရန်နှင့် အလျားလိုက်ပျံသန်းချိန် လေခွင်းအားကောင်းမွန်စေရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်းမျိုးဖြစ်သည်။ United Aircraft ကုမ္ပဏီသည် အသုံးပြုထားသည့် အင်ဂျင်များကို လျှို့ဝှက်ထားသော်လည်း တွန်းကန်အားစနစ်တွင် ဒေါင်လိုက်နှင့် အလျားလိုက်ပျံသန်းမှုနှစ်ရပ်ကြား တွန်းကန်အားကို ချိန်ညှိပြောင်းလဲနိုင်သော အလျင်နှုန်းပြောင်းလဲနိုင်မည့် ဂီယာအုံတစ်ခုပါဝင်ကြောင်း သိရသည်။

အကြီးစားဝန်တင်နိုင်စွမ်းဖြင့် R6000 UAV သည် တာဝေးပျံ UAV များအတွက် စံချိန်စံညွှန်းများကို ပြန်လည်သတ်မှတ်နိုင်မည်ဖြစ်ပြီး ခရီးသည်များ သို့မဟုတ် ကုန်စည်များကို မကြုံစဖူးအလျင်နှုန်းနှင့် အမြင့်ပေများဖြင့် ပျံသန်းပို့ဆောင်ပေးနိုင်စွမ်းရှိမည်ဖြစ်သည်။ ဤဆန်းသစ်တီထွင်မှုမှတစ်ဆင့် တရုတ်နိုင်ငံသည် အရပ်ဘက်လေကြောင်းတွင် နည်းပညာဆိုင်ရာစွမ်းရည်များကို ပိုင်ဆိုင်ထားကြောင်း အခိုင်အမာအတည်ပြုနိုင်ရုံမျှမက အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာအသုံးချမှုနယ်ပယ်နှစ်ရပ်စလုံးအတွက် တွန်းအားတစ်ရပ်ဖြစ်လာနိုင်ဖွယ်ရှိသည်။

**China Announces Production of First 6-Ton Zhang Ying R6000 Tiltrotor UAV ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက တိကျပဲ့ထိန်းဗုံးများတပ်ဆင်ထားသော Su-27 ဗုံးကြဲလေယာဉ်ကို ပထမဆုံးအကြိမ်ပြသခဲ့



ယူကရိန်းစစ်ဘက်သည် မကြာသေးမီက ထုတ်ပြန်ခဲ့သော ဗီဒီယိုဖိုင်တစ်ခုတွင် GBU-39 တိကျပဲ့ထိန်းဗုံးများတပ်ဆင်ထားသော Su-27 Flanker ဗုံးကြဲလေယာဉ်ကို ပထမဆုံးအကြိမ် ပြသထားပြီး ယူကရိန်း၏ တိကျပဲ့ထိန်းတိုက်ခိုက်မှုစွမ်းရည်တွင် သိသာထင်ရှားစွာတိုးတက်လာမှုကို ပြသထားကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဗီဒီယိုဖိုင်တွင် Su-27 ၏မူရင်း လက်နက်တပ်တိုင်(pylon)အောက်ရှိ Adapterပေါ်တွင် တပ်ဆင်ထားသော BRU-61 လက်နက်တပ်ဆင်ခန်းအသုံးပြု၍ GBU -39 ဗုံးများတင်ဆောင်ထားမှုအပြင် ယူကရိန်းစစ်ဘက်လက်နက်တိုက်ရှိ AIM-9X ဒုံးကျည်များကို ပထမဆုံးမြင်တွေ့ခဲ့ရပြီး လေကြောင်းတိုက်ပွဲကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်လာနိုင်မှုကို ပြသထားသည်။

ယူကရိန်းပဋိပက္ခတွင် Su-27 ဗုံးကြဲလေယာဉ်သည် မဟာဗျူဟာမြောက်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယူကရိန်း၏ အမှတ်(၈၃၁)နည်းဗျူဟာမြောက်လေကြောင်းတပ်မဟာမှ လေယာဉ်မှူးများသည် ၁၉၈၅ ခုနှစ်တွင် Su-27 လေယာဉ်များကို ပထမဆုံးလက်ခံရရှိခဲ့ကြပြီး ရုရှားစစ်ဘက်၏ လေကြောင်းစွမ်းအားသာလွန်မှုကို တန်ပြန်ရန်အတွက် ရှေ့တန်းကျကျ အပြင်းအထန်တိုက်ပွဲဝင်ခဲ့ကြကြောင်း အစီရင်ခံတင်ပြခဲ့ကြသည်။ ဆိုဗီယက်ခေတ်ထုတ် R-27 Alamo နှင့် R-73 Archer ဒုံးကျည်များအသုံးပြု၍ ဝေဟင်မှ ဝေဟင်ပစ်အခန်းကဏ္ဍများတွင် အသုံးပြုတိုက်ပွဲဝင်ခဲ့ရာမှ ယခုအခါ Su-27 သည် AGM-88 HARM၊ GBU-62 JDAM-ER၊ AASM Hammer နှင့် GBU-39 SDB ကဲ့သို့သော အနောက်အုပ်စုထုတ်လက်နက်များဖြင့် ဝေဟင်မှမြေပြင်တိုက်ခိုက်ရေးတာဝန်များအတွက် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုလာနိုင်ခဲ့ပြီဖြစ်သည်။

ယူကရိန်း Su-27 များသည် Su-35 ကဲ့သို့သော ရုရှားတိုက်လေယာဉ်များနှင့် လေကြောင်းနည်းပညာနှင့် အလုံးစုံစွမ်းဆောင်ရည်များတွင် ကွဲပြားခြားနားသည်။ ယူကရိန်းနိုင်ငံထုတ် Su-27 များသည် ၂၀၁၀ ပြည့်နှစ်များအစောပိုင်းတွင် ရေဒါနှင့် ဆက်သွယ်ရေးစနစ်အဆင့်မြှင့်တင်မှုများရှိခဲ့သော်လည်း AESA ရေဒါနှင့် အဆင့်မြင့်လက်နက်စနစ်များပါရှိသည့် Su-35 တိုက်လေယာဉ်များထက် အဆင့်နိမ့်နေဆဲပင်ဖြစ်သည်။ နည်းပညာကွာဟချက်ရှိသော်လည်း ယူကရိန်းလေယာဉ်မှူးများသည် ရုရှား၏ လေကြောင်းစွမ်းအား အားသာချက်များကို ထေမိစေရန် နည်းဗျူဟာမြောက်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ယူကရိန်းတို့၏Su-27တိုက်လေယာဉ်များတွင် အမေရိကန် F-15 ပုံစံမျိုး "Compass Ghost Grey" ပုံဖျက်ဖုံးကွယ်မှုလုပ်ဆောင်ထားသည်။ ရုရှားနှင့်ဘီလာရုစ်နိုင်ငံအပြင် ဥရောပရှိ တစ်ခုတည်းသော Su-27 ဗုံးကြဲလေယာဉ်ပိုင်ဆိုင်ထားသည့် ယူကရိန်းနိုင်ငံအတွက် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များမှ အလွယ်တကူထောက်လှမ်းခံရနိုင်မှုလျှော့ချရန်အတွက် ရည်ရွယ်ဆောင်ရွက်ထားခြင်းလည်းဖြစ်သည်။ ယူကရိန်းနိုင်ငံသည် Su-27 ဗုံးကြဲလေယာဉ်အစင်း ၇၀ ခန့်ပိုင်ဆိုင်ထားသော်လည်း ကြံ့ခိုင်ထိန်းသိမ်းပြုပြင်ရေးအတွက် စိန်ခေါ်မှုများနှင့် အပိုပစ္စည်းအစိတ်အပိုင်းများပြတ်လပ်မှုကြောင့် ၂၀၂၂ ခုနှစ်က ၂၆ စင်းခန့်သာ လည်ပတ်နိုင်သည့်အနေအထားဖြစ်သည်။ ယူကရိန်းနိုင်ငံတွင် အခြေခံစံပြုမော်ဒယ်များအပြင် Su-27S1M၊ Su-27P1M၊ Su-27UBM1 နှင့် Su-27PU1M အပါအဝင် NATO စံနှုန်းအစိတ်အပိုင်းများနှင့် GPS စနစ်များ တပ်ဆင်ထားသည့် အဆင့်မြှင့်တင်ထားသော လေယာဉ်များလည်းရှိသေးသည်။ အမေရိကန်နိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် ယူကရိန်းနိုင်ငံသည် GBU-39 နှင့် ဗြိတိန်နိုင်ငံက ပံ့ပိုးပေးသော Paveway IV ဗုံးများအပါအဝင် အနောက်နိုင်ငံထုတ်လက်နက်များ အောင်မြင်စွာပေါင်းစပ်အသုံးပြုနိုင်ခဲ့သည်။

**Ukraine Showcases Su-27 with GBU-39 Precision Bombs for First Time ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၂၇ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၁၂၇ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၂၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မတ်ပဲဧက ၁၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲ စိုက်ပျိုးရာသီမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မတ်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောက်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၁၁၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးအစိမ်း အလုံးရေ ၁၁၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၈၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကွမ်းသီးအစိမ်းအလုံးရေ ၁၁၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ပြည်ပဈေးကွက်က မှာယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန် အများအပြားတင်ပို့နေရခြင်းဖြစ်ပါတယ်။ ကွမ်းသီးတွေက အရည်အသွေးကောင်းသလို သန့်ရှင်းမှုလဲရှိပါတယ်။ လက်ရှိ ကွမ်းသီးအစိမ်းအလုံးရေ ၁၀၀ ကို ငွေကျပ် ၁၀၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအစိမ်းတွေ အများအပြားတင်ပို့ရောင်းချလာရတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ချိုချိုက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့်ကွမ်းသီးအစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများထိ သွားရောက်ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် စဉ့်တုကန်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**စလင်း အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) စီမံကိန်းရန်ပုံငွေဖြင့် ပျိုးခင်းကုန်းကျေးရွာအုပ်စု စဉ့်တုကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာအဖွဲ့က စဉ့်တုကန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ လမ်းအရှည် ပေ ၃၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက် စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စဉ့်တုကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့်အတူ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၆-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး"ဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်ကပြ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

⚐ **ရှေ့ဖုံးမှအဆက်**

ဝန်ထမ်းမိသားစုများနှင့် သဘင်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ်ကိုယ်စားပြု **"မင်းနိုင်စိုး"**ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနက ဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင်ဇာတ်စာ၊ ဇာတ်စကား၊ ဆိုငိုပြောပညာရပ်များနှင့် ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **"မဟာဂီတ"** တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"စိန်ကြောင်နီလာ"**(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"စိန်မြရုံခြယ်"**(မွန်)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်"** တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ကိုယ့်ရပ်ဌာနေ"** သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"နွေမိုးဆောင်း"** သီချင်းဖြင့်လည်းကောင်း သီချင်းများ၏ ရသပေါ်လွင်အောင် ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ ရသစုံလင်လှသည့် အဆို၊ အပြောများ၊ အကအလှများဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ကကြိုးကကွက် စုံလင်စွာဖြင့်လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ (သီချင်းသံစဉ် ထည့်သွင်းလေ့ကျင့်သီဆိုခြင်း)ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ထံတျာတေအစ မဟာဂီတ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြန်မာ့ရိုးရာအမွေအလှတိုးဖြာစေ"** ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာသံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ယံရွှေလျှံ"**(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက






နှုတ်ဆက်သည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ **“မဟာဇနက”** ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု **“မဟာရော”**ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု **“ဖန်ခါးမြေ”** ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ ယနေ့တွင် မွန်ပြည်နယ်ကိုယ်စားပြု **“မင်းနိုင်စိုး”** ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၇ရက်မှ ၂၀ရက်ထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။







၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု “မင်းနိုင်စိုး” ဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**“ချစ်ဦးမောင့်ထံ ပြန်လာပါ”** (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

တယောအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“တောဟောဝန်လယ်”** (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“သီတာရတနာ”**(ကာလပေါ်)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ရွှေပြည်ကြီးရော”** (ကြိုး) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

နှဲပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“အောင်မြေသာစံ”**(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ပန်းညောင်လှိုင်ဘွဲ့”**(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့မှပြိုင်ပွဲဝင်များက **“မှိုင်းရိပ်ကယ်တည့်”** (ကြိုး) သီချင်းဖြင့်လည်းကောင်း၊







အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြန်ခန်းကျွန်းတွင်း”**(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ထွေတလာ”**(ကြိုး) သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင်**“ဝေဿန္တရာ”**ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရောလှိုင်းရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် **“မဟာဇနက”**ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု မင်းနိုင်စိုး ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုင်ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပိုးရယ်အောင်သိန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးထွန်းအုံ၊ ဒေါက်တာသက်ခိုင်ဝင်း၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာ အသီးသီး၌လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများကို ပြန်လည်ကောက်ခံပေးသွားမည်

❖ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ပါသည်။

❖ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများကို ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

❖ ဖုန်းနံပါတ်- ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်

# ၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ နှစ်စဉ် အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။






အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO မှ ယခုနှစ်ထုတ်ပြန်ချက်များအရ ကမ္ဘာ့အစားအစာလိုအပ်ချက်၏ သုံးပုံ တစ်ပုံကိုလုပ်ကွက်ငယ်တောင်သူများက ထုတ်လုပ်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကျေးလက်ဒေသများရှိ ဆင်းရဲသူများနှင့် လယ်ယာကုန်ထုတ် လုပ်ငန်းများ၏ အထွက်နှုန်းနှင့် ထုတ်လုပ်မှုစွမ်းအားကို ထိခိုက်စေလျက်ရှိကြောင်း၊ လူဦးရေသန်း ၆၀၀ ခန့်သည် ကျန်းမာရေးဆိုင်ရာပြဿနာများကို ခံစားရပြီး လေးသိန်းကျော်သည် ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအသောက်များကြောင့် နှစ်စဉ်သေဆုံးလျက်ရှိပါကြောင်း၊ ကမ္ဘာတစ်ဝန်းရိတ်သိမ်းချိန်နှင့် သယ်ယူပို့ဆောင်ချိန်တွင် အစားအစာထုတ်လုပ်မှု၏ ၁၃ ရာခိုင်နှုန်းမှာဆုံးရှုံးနေပြီး လက်လီရောင်းချခြင်းနှင့် စားသုံးခြင်းအဆင့်မှာ ၁၉ ရာခိုင်နှုန်းအလေအလွင့် ဖြစ်ပေါ်နေလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးစသည့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်ကိုချမှတ်ထားပြီး လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအတွက် အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားရေရိက္ခာများ ထုတ်လုပ်နိုင်စေရန် လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများ၊ စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာ၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် မြေဧရိယာဟက်တာ ၁၂ သန်းခန့်ရှိသည့် မြန်မာနိုင်ငံတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံသီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အစရှိသည့် သီးနှံ ၆၁ မျိုးခန့်ကို နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်၌ စပါးသီးနှံစိုက်ဧရိယာ ဟက်တာ ၇ ဒသမ ၁၈ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၂၉ ဒသမ ၉၄ သန်းကျော်၊ ဆီထွက်သီးနှံများစိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၃၄ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၃ ဒသမ၂၃ သန်းကျော်နှင့် ပဲမျိုးစုံသီးနှံများစိုက်ဧရိယာ ဟက်တာ ၂ ဒသမ ၇၆ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၄ ဒသမ ၁၃ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ သားငါးမွေးမြူ ထုတ်လုပ်မှုအနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အသားမက်ထရစ်တန် ၁ ဒသမ ၂၄ သန်း၊ နို့မက်ထရစ်တန် ၂ ဒသမ ၁၉ သန်းနှင့် ဥအလုံးရေ ၄၀၁၂၄၆၉ သန်းထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ အလားတူ ရေချိုရေငန် ဖမ်းဆီးထုတ်လုပ်မှုနှင့် မွေးမြူရေးလုပ်ငန်းများမှ စုစုပေါင်း ငါးပုစွန်ပိဿာသန်း ၃၈၇၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ငါးသယံဇာတမပြုန်းတီးစေရေးအတွက် မြစ်ကြီးများ၊ သဘာဝမြစ်ချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း ငါးပုစွန်သားပေါက်ကောင်ရေ ၅၅၁ သိန်းကျော်ကို မျိုးစိုက်ထည့်နိုင်ခဲ့ပါကြောင်း။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၂၈၆ ဒသမ ၁ ဘီလီယံဖြင့် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများစိုက်ပျိုးခြင်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်မြေပဲ၊နှမ်း၊နေကြာသီးနှံများတိုးချဲ့စိုက်ပျိုးရေးစီမံကိန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၃၂ ဘီလီယံဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် အသားတိုးကြက်၊ ဥစားဘဲနှင့်အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ သုည ဒသမ ၆၀၄ ဘီလီယံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော **"ပိုမိုကောင်းမွန်သည့်ဘဝနှင့်အနာဂတ်ရရှိရေး လူသားတိုင်းစားရေရိက္ခာပြည့်မီအောင်ဖြည့်ဆည်းပေး"**(Right to Foods for a Better Life and a Better Future) ဆောင်ပုဒ်နှင့်အညီ လူသားတိုင်းတစ်ဦးမကျန် လုံလောက်သော စားရေရိက္ခာရပိုင်ခွင့်၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှုနှင့်အာဟာရ၊ ပိုမိုကောင်းမွန်သော လူမှုဘဝနှင့် ပတ်ဝန်းကျင်တို့ရရှိစေရေးအတွက် စိုက်ပျိုးရေးစားရေရိက္ခာစနစ်အသွင်ကူးပြောင်းရန်၊ ရင်းနှီးမြှုပ်နှံမှုများနှင့် တီထွင်ဆန်းသစ်မှုများမြှင့်တင်ရန်၊ စိုက်ပျိုးရေးစားရေရိက္ခာစနစ်တွင် ပါဝင်ပတ်သက်သူများအချင်းချင်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အီတလီနိုင်ငံ ရောမမြို့ရှိ FAO ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ်၏ သတင်းဗီဒီယိုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနား မှတ်တမ်းဗီဒီယိုကို သီးနှံ၊ သားငါးကဏ္ဍ စိုက်ပျိုးထုတ်လုပ်နေမှု ဓာတ်ပုံမှတ်တမ်းများနှင့်အတူ ပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ထူးခြားသည့် နေ့အပူချိန်များ (၁၆-၁၀-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မကွေး | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | ဘီးလင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ရမည်းသင်း | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ခရမ်း | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | ကော့ကရိတ် | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်ကောင်စီက ကြီးမှူး၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်



ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲကို ယနေ့ည ၆ နာရီတွင် ကျင်းပသည်။

ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆီမီးထွန်းညှိပူဇော်ကြသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ရေပန်းရင်ပြင်၊မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများလွှတ်တင်ပူဇော်ပွဲကို ဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီတင်းကျွတ်လပြည့်နေ့အကြို(အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ဆက်ကပ်ပွဲနှင့် ဆီမီးတစ်သောင်းတစ်ထောင် စုပေါင်းထွန်းညှိပူဇော်ဆက်ကပ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့အကြို (အဖိတ်နေ့)ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများလှည့်လည်ပူဇော်ဆက်ကပ်ပွဲနှင့် ဆီမီးတစ်သောင်းတစ်ထောင် စုပေါင်းထွန်းညှိပူဇော်ဆက်ကပ်ပွဲကို ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများ ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် လျှပ်စစ်မီးစေတီများ စုပေါင်းပူဇော်ဆက်ကပ်ပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများကို ပန်း၊ ရေချမ်း၊ ဆီမီးနံ့သာများ ဆက်ကပ်လှူဒါန်းကြသည်။



ရွှေတိဂုံစေတီတော်မြတ်ကြီးအား သီတင်းကျွတ်လပြည့်နေ့အကြို (အဖိတ်နေ့)တွင် လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ဆက်ကပ်ပွဲ ကျင်းပစဉ်။

ယင်းနောက် “နီလာနီလာ” အစချီသော မဟာပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ခြင်း၊ “သောဝဏ္ဏဲကံ”အစချီသော ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာကပ်လှူပူဇော်ခြင်း၊ “ဘဂဝန်ဘုန်းလှိုင်” အစချီသော မဟာပဋ္ဌာန်းတိုက်တွန်းလွှာဖြင့် ရွတ်ဆိုတိုက်တွန်းခြင်း၊ မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေ၊ သာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။



ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးတစ်သောင်းတစ်ထောင် စုပေါင်းထွန်းညှိပူဇော် ဆက်ကပ်ပွဲကျင်းပစဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက စုပေါင်း၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **ဇော်မင်းလတ်(MNA)**

# နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ အိုးအိမ်ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

ရေဘေးသင့် အိမ်ထောင်စုများသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် နိုင်ငံတော်အနေဖြင့် နိုင်ငံ၏အရင်းအမြစ်ကိုမူတည်၍ ဘေးသင့်ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိစေရန် အဘက်ဘက်မှ စီစဉ်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားကာ ရေဘေးကြောင့် နေအိမ်များ မျောပါပျက်စီးခဲ့ကြသည့် နေပြည်တော် ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာနှင့် ကျွန်းဦးကျေးရွာအုပ်စုတို့မှ အိမ်ခြေလုံးဝမျောပါပျက်စီးခဲ့သည့် နေအိမ် ၁၀၄ လုံးအတွက် တစ်အိမ်လျှင်ငွေကျပ် ၂၃ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၂၄၄၄ သိန်းနှင့် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် အသား၊ ငါး၊ ပဲစည်သွတ်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေဘေးသင့်နယ်မြေများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၄၁၇လုံး အတွက် တစ်အိမ်လျှင်ငွေကျပ် ၁၇ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှထောက်ပံ့ငွေကျပ် ၇၂၉၇ ဒသမ ၅ သိန်းနှင့် စည်သွတ်ဘူးနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ရေဘေးသင့်မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဘေးသင့်နေအိမ်များ ပြုပြင်တည်ဆောက်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၉၇၄၁ ဒသမ ၅ သိန်း၊ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့်ပင် ဝယ်ယူခဲ့သည့် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ အသား၊ ငါး၊ ပဲစည်သွတ်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ပြည်တွင်း၊ ပြည်ပအလှူရှင်များက လှူဒါန်းထားသော အသုံးအဆောင်ပစ္စည်းတို့ကို ဘေးသင့်ပြည်သူများထံသို့ စနစ်တကျ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ရေကြီးနစ်မြုပ်မှုဒဏ် ခံစားခဲ့ရသည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှုအခြေအနေ ကျောင်းသား၊ ကျောင်းသူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ပညာသင်ကြားရေးဆိုင်ရာဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**❍ ဆင်အက အလှပြိုင်ပွဲမှအဆက်**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားကာ အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့က ဧည့်ခံဆင်အဖွဲ့မှ အောင်စေပိုင်စေသီချင်းဖြင့် ဆင်အက အလှစွမ်းရည်ပြဖျော်ဖြေမှုနှင့် ဆင်အဖွဲ့များမှ မြန်မာပြည်သားသီချင်းဖြင့်သီဆိုမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ်ရိုးရာအစဉ်အလာမပျက် ရိုးရာပွဲတော်အဖြစ် သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆင်အကအလှပြိုင်ပွဲကျင်းပပြီး လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ရွှေဆင်၊ ငွေဆင်လှူဒါန်းပွဲတို့ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

၂၀၂၄ ခုနှစ် ကျောက်ဆည်မြို့ ဆင်အက အလှပြိုင်ပွဲတွင် ဂုဏ်ပြုဆင်၊ ရိုးရာဆင်(လူကြီး၊ကလေး) တီထွင်ဆန်းသစ်မှုဆင်၊ ဘော်ကြယ်ဆင်၊ သက်ကြီးဆင်၊ ဧည့်ခံဆင်၊ စျေးပတ်ဆင်များ စုစုပေါင်း ၇၄ စီးဖြင့် ပါဝင်နွှဲခဲ့ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## အမ်း-ပဒါန်းသွားကားလမ်းပေါ်၌ ဖြတ်သန်းသွားလာလျက်ရှိသော အရပ်သားပြည်သူများ စီးနင်းလာသည့် မော်တော်ယာဉ်များကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နှောင့်ယှက်ပစ်ခတ်၊ ခရီးသွားပြည်သူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် အမ်း-ပဒါန်း ဆက်သွယ်ထားရှိသည့် အများပြည်သူအသုံးပြုလျက်ရှိသောလမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသည့် အရပ်သားပြည်သူများ စီးနင်းလာသည့်မော်တော်ယာဉ်များကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နှောင့်ယှက်ပစ်ခတ်ဟန့်တားခြင်းများ ပြုလုပ်ခဲ့သောကြောင့် အပြစ်မဲ့အရပ်သားပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခံခဲ့ရကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် အမ်းမြို့နယ်မှ ပဒါန်းမြို့နယ်သို့ မောင်းနှင်လာပြီး ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် Canter အမျိုးအစား မော်တော်ယာဉ်ကို အမ်းမြို့နယ်မှ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာနေရာ၌ AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်ဟန့်တားခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသမီး နှစ်ဦးနှင့် အမျိုးသား လေးဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် AA အကြမ်းဖက်သောင်းကျန်းသူများသည် ဖြစ်စဉ်နေရာမှ မီတာ ၂၀၀ ခန့်အကွာနေရာ၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ၁၀ စီးအား ရပ်တန့်စေခဲ့ကာ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၄ ဦးတို့ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းဘူးမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဖြစ်စဉ်နေရာ အနီးတစ်ဝိုက်အား လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**☆ ကျောဖုံးမှအဆက်**

မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်းစသည့် လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပေးလျက်ရှိသည်။

မကြာသေးမီက ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးဒဏ် ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများရေတိုက်စား၍ ပျက်စီးခဲ့ခြင်း၊ မြေပြိုကျ၍ ပျက်စီးခြင်းစသည်တို့ကို ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအလိုက် ပျက်စီးမှုများကို ကိုဦးစားပေး၍ ပြုပြင်နိုင်ခဲ့သောကြောင့် အောက်တိုဘာ ၃ ရက်မှစ၍ ရန်ကုန်-မန္တလေးရထားလမ်း တောက်လျှောက် ပြန်လည်ဖွင့်လှစ်ပြီး လူစီးရထားများ၊ ကုန်ရထားများကို ပုံမှန်ခရီးစဉ်များအဖြစ် ပြန်လည်ပေးဆွဲပေးနေပြီဖြစ်သည်။

ထို့ပြင် လက်ရှိ သီတင်းကျွတ်ကာလရုံးပိတ်ရက်များအတွင်း၌လည်း ပြည်သူလူထုနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု ပိုမိုအဆင်ပြေစေရေးအတွက် အဓိကလမ်းပိုင်းများဖြစ်ကြသည့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် ပုံမှန်ရထားတွဲဆိုင်းများ၌ ဝန်ချိန်ပြည့် ချိတ်ဆက်ပြေးဆွဲပေးခြင်း၊ အထူးရထားခရီးစဉ်များစီစဉ်၍ တိုးချဲ့ပြေးဆွဲပေးခြင်းစသည်ဖြင့် ရထားများ အချိန်မှန်ကန်ရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် ရန်ကုန်-ပဲခူးလမ်းပိုင်း၌ ခေတ်မီ DEMU တွဲဆိုင်းသစ်ဖြင့် ပြေးဆွဲပေးခြင်းဖြင့်လည်းကောင်း၊ မြန်မာ့မီးရထားရှိ စာတိုက်တွဲအချို့ကိုလည်း ပြန်လည်မွမ်းမံတည်ဆောက်ကာ ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ပြေးဆွဲနေသော အမြန်ရထားများနှင့် ရန်ကုန်-ပြည်လမ်းပိုင်း ပြေးဆွဲနေသော စာပို့ရထားခရီးစဉ်များတွင်ချိတ်ဆက်လျက် ချောစာ၊ ချောထုပ်များ၊ ပို့ဆောင်ပေးခြင်းဖြင့်လည်းကောင်း ဝန်ဆောင်မှုအဆင့်အတန်းကို တိုးမြှင့်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု




**မန္တလေး အောက်တိုဘာ ၁၆**

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူး နေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မြတ်စွာဘုရားအား ရည်မှန်း၍ ဆီမီးများ၊ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်သွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး သီတင်းကျွတ် မီးထွန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ယနေ့နေ့လယ်ပိုင်းတွင် လိုက်လံကြည့်ရှုသည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၆လမ်း၊ ၆၆ လမ်းမှ ၇၃ လမ်းကြား လမ်းတစ်လျှောက်တွင် အလှဆင်မီးများ ထွန်းညှိရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တွင် ပုဂံရွှေစည်းခုံပုံတူစေတီတော်အား ဆီမီး ၁၀၀၀၀ ပူဇော်ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာ့ရိုးရာ သီတင်းကျွတ်လပြည့်နေ့ညတွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲနှင့်အတူ ၂၆ လမ်း၊ ၆၆လမ်းမှ ၇၃ လမ်းထိ လမ်းတစ်လျှောက် လျှပ်စစ်အလှဆင်မီးများထွန်းညှိခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ တေးဂီတများ ဧည့်ခံဖျော်ဖြေခြင်း၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့ မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင် ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့် မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသော ကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများ အနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေး အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်ကြည့်ရှုအားပေး



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းတို့ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ရောဝတီတိုင်းဒေသကြီး အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

# ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ရွှေပင်ဘုန်းကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရောဂါ၊ ကလေးရောဂါ၊ အရိုး၊ အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။


ယင်းသို့ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

၁၆-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




**နေပြည်တော် အောက်တိုဘာ ၁၆**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၃၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်း-အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ချင်းနိုင်မြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကွန်ဂိုနိုင်ငံတွင် ညာမူလာဂီရာမီးတောင်ပေါက်ကွဲမှု ဖြစ်ပွား



**ဘရာဇာဗယ်လီ အောက်တိုဘာ ၁၆**

ကွန်ဂိုနိုင်ငံ အရှေ့ဘက်ပိုင်းတွင်တည်ရှိသည့် ညာမူလာဂီရာ မီးတောင်သည် အောက်တိုဘာ ၁၄ ရက်က မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း Goma Volcanological Observatory (OVG) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

မီးတောင်သည် လူနေရပ်ဖြင့် ဝေးကွာသဖြင့် ဒေသခံများအတွက် အန္တရာယ်မရှိသော်လည်း မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ ချော်ရည်များ ပေါက်ထွက်မှုကို ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများဖြင့် Goma Volcanological Observatory (OVG) က ထုတ်ပြန်သွားခဲ့ကြောင်း၊ မီးတောင်အတွင်းမှ ထွက်ပေါ်လာသော ချော်ရည်များသည် မီးတောင်မှ ခုနစ်ကီလိုမီတာအကွာထိရောက်ရှိခဲ့ပြီး ချော်ရည်များသည် လမ်းကြောင်းသုံးကြောင်းဖြင့် မီးတောင်မှ စီးကျလျက်ရှိကြောင်း သိရသည်။

"ညာမူလာဂီရာမီးတောင်ပေါက်ကွဲမှုကြောင့် ပေါက်ထွက်လာတဲ့ ချော်ရည်ငွေ့တွေဟာ မီးတောင်နဲ့ ခုနစ်ကီလိုမီတာထိ လမ်းကြောင်းသုံးကြောင်းနဲ့စီးနေပါတယ်။ ဂိုမာမြို့အတွက်တော့ အန္တရာယ်ရှိနိုင်တယ်။ ဒါပေမဲ့ မီးတောင်ကနေပေါက်ထွက်နေတဲ့ ချော်ရည်တွေက လူနေရပ်ဆီကို မရောက်နိုင်တဲ့အတွက် မီးတောင်ပေါက်ကွဲမှုဟာ အန္တရာယ်မရှိပါဘူး"ဟု Goma Volcanological Observatory (OVG) ၏ ဒါရိုက်တာ ချာလက်စ်ဘာလာဂီဇီက ပြောကြားခဲ့သည်။

ညာမူလာဂီရာ မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ချော်ရည်များသည် Virunga National Park ဥယျာဉ်အလယ်ကိုဖြတ်သန်းစီးကျနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ခံများ အနေဖြင့် ဆိုးရွားသောအနံ့အသက်များနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဘဂ္ဂဒက်မြို့ခံ ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနပညာရှင်နှင့် ကွင်းဆင်းလေ့လာသူ ဆမင်ဆလမ်က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

မြို့တော်အတွင်း လေထုညစ်ညမ်းမှု မြင့်တက်လာခြင်းသည် အဓိကအားဖြင့် အကြောင်းရင်းနှစ်ခုရှိနေပြီး စက်မှုလုပ်ငန်းသုံးဓာတ်အားပေးစက်ရုံများနှင့် ဒီရာရေနံချက်စက်ရုံတို့မှ အခိုးအငွေ့များထုတ်လွှတ်မှုကြောင့် အဓိကဖြစ်ပွားခြင်းဖြစ်ပြီး အခြားအချက်တစ်ချက်မှာ မြို့တော်ဆင်ခြေဖုံးဒေသများရှိ အမှိုက်ပုံများတွင် အမှိုက်ကောက်သမားများကြောင့် မီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့်ဖြစ်ကြောင်း ဆမင်ဆလမ်က ပြောကြားခဲ့သည်။

အဆိုပါ လေထုညစ်ညမ်းမှုပြဿနာကိုဖြေရှင်းရန် အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီယာအယ်လ်ဆူဒါနီသည် လေထုညစ်ညမ်းမှုအရေးပေါ်ကိုင်တွယ်ဖြေရှင်းရေးကော်မတီတစ်ရပ်ကို အောက်တိုဘာ ၁၂ ရက်က ဖွဲ့စည်းပေးခဲ့ပြီး အဆိုပါအဖွဲ့အနေဖြင့် လေထုညစ်ညမ်းမှုဖြေရှင်းရေးနှင့်ပတ်သက်သည့် အစီရင်ခံစာကို ယခုသီတင်းပတ်အတွင်း ပြန်လည်တင်ပြရန် ညွှန်ကြားထားကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးနှင့် အနီးအနား ဝန်းကျင်ဒေသများတွင် စက်မှုလုပ်ငန်းအများအပြားသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားဝင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်နေကြပြီး အဆိုပါစက်မှုလုပ်ငန်းများမှ ဆာလဖာဒိုင်အောက်ဆိုက် သို့မဟုတ် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များ ထုတ်လွှတ်လျက်ရှိကြောင်း၊ အီရတ်တာဝန်ရှိသူများအနေဖြင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေလျက်ရှိသော ဒီရာရေနံချက်စက်ရုံကို ပြောင်းရွှေ့နိုင်ရေး လေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဆမင်ဆလမ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : AZH



# အက်စ်တိုးနီးယားနိုင်ငံတွင် ရေဘေးကြိုတင်ကာကွယ်ရန် ယူရို ၁၀ သန်း အသုံးပြုမည်

**တာလင်း အောက်တိုဘာ ၁၆**

အက်စ်တိုးနီးယားနိုင်ငံ အာဏာပိုင်အစိုးရက နိုင်ငံအတွင်း ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်အတွက် လိုအပ်သော အတားအဆီးများ တည်ဆောက်သွားရေးအတွက် ယူရို ၁၀ သန်းထိ အသုံးပြုသွားမည်ဖြစ်ကြောင်း အက်စ်တိုးနီးယားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်အတွက် ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် European Regional Development Fundမှ ပံ့ပိုးပေးရန် အကူအညီတောင်းခံထားကြောင်း အက်စ်တိုးနီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ဒီနှစ်မိုးများမယ်လို့ အစောကတည်းက မျှော်မှန်းပြီးသားပါ။ ဒါကြောင့် ရေဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအစီအစဉ်အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပြီးသား ဖြစ်ပါတယ်။ ရေဘေးအန္တရာယ် ဖြစ်ပေါ်နေတဲ့ ဧရိယာတွေကို အချိန်ပြည့် စောင့်ကြည့်တိုင်းတာနေပါတယ်။ ၂၀၀၅ ခုနှစ်လောက်ကတည်းက ရေကြီးရေလျှံမှုတွေက နှစ်စဉ်ဖြစ်ပေါ်နေတယ်။ ဒါကြောင့် အေဂျင်စီအနေနဲ့ ရေကြီးရေလျှံမှုကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု အက်စ်တိုးနီးယားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တိုင်မာအလာက ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း အက်စ်တိုးနီးယားနိုင်ငံအတွင်း ဆိုးရွားသော ရေဘေးအန္တရာယ်ကြောင့်ပြည်သူများအခက်တွေ့ခဲ့ရသည့်အတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်များကို အကောင်အထည်ဖော်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# နီပေါနိုင်ငံတွင် ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုအတွင်း ပိတ်မိနေသော လူဦးရေ ၄၀၀၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့

**ခတ္တမန္ဒူ အောက်တိုဘာ ၁၆**

နီပေါနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွင်း လူဦးရေ ၄၀၀၀ ကျော်ကို ဆောက်လက်စ ဥမင်လိုဏ်ခေါင်းတစ်ခုမှတစ်ဆင့် ကယ်ဆယ်နိုင်ခဲ့ကြောင်း နီပေါနိုင်ငံ ရဲတပ်ဖွဲ့၏ အောက်တိုဘာ ၁၅ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

နီပေါနိုင်ငံ၌ စက်တင်ဘာလနှောင်းပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် ရေကြီးရေလျှံခြင်းနှင့်မြေပြိုခြင်းများဖြစ်ပွားခဲ့ရာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ငွေကြေးနှင့် နည်းပညာအကူအညီဖြင့် တည်ဆောက်လျက်ရှိသည့် ဥမင်လိုဏ်ခေါင်းတစ်ခုမှတစ်ဆင့် ဖြတ်သန်း၍ လူဦးရေ ၄၀၀၀ ကျော်တို့၏ အသက်ကိုကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

"ကလေးသူငယ်တွေ၊ မွေးကင်းစကလေးတွေနဲ့ မိခင်တွေ အပါအဝင် လူအများအပြားရဲ့ အသက်ကို ကယ်တင်နိုင်ဖို့ လိုဏ်ခေါင်းကို အသုံးပြုခွင့်ပေးခဲ့နိုင်တဲ့အတွက် ဝမ်းမြောက်မိပါတယ်"ဟု ဂျပန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဥမင်လိုဏ်ခေါင်းသည် ယခုအခါဆောက်လုပ်ဆဲဖြစ်ရာ မြေပြိုမှုကြောင့် ပိတ်မိသောဒေသခံအများအပြားကို အဆိုပါဥမင်လိုဏ်ခေါင်းမှ ဖြတ်သန်းသွားလာမှသာ ကယ်တင်နိုင်မည်ဖြစ်သဖြင့် ဒေသဆိုင်ရာရဲတပ်ဖွဲ့၏ တောင်းဆိုချက်အရ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဥမင်လိုဏ်ခေါင်းအတွင်းမှ အရေးပေါ်ယာဉ်များကို ဂျပန်အာဏာပိုင်များက ဖြတ်သန်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံတွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် နီပေါနိုင်ငံတစ်ဝန်း ပျက်စီးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး လူဦးရေ ၂၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# ကင်ညာနိုင်ငံတွင် ဂေဟစနစ်များယိုယွင်းမှုကြောင့် Mwea National Reserve ဥယျာဉ်မှ ဆင်အကောင်ရေ ၅၀ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**နိုင်ရိုဘီ အောက်တိုဘာ ၁၆**

ကင်ညာနိုင်ငံ ဆင်မျိုးစိတ်များစွာ ကျင်လည်ကျက်စားနေသည့် Mwea National Reserve ဥယျာဉ်တွင် ဂေဟစနစ်များယိုယွင်းလာသည့်အတွက် ဆင်မျိုးစိတ်များအန္တရာယ်မရှိစေရေး ဆင်အကောင်ရေ ၅၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း Mwea National Reserve ဥယျာဉ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

မှတ်တမ်းများအရ Mwea National Reserve ဥယျာဉ်တွင် ဆင်အကောင်ရေ ၁၅၆ ကောင်ရှိနေပြီး ဂေဟစနစ်ယိုယွင်းမှုကြောင့် ဥယျာဉ်အတွင်းမှ တိရစ္ဆာန်များကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ဆင်မျိုးစိတ်တွေမှာ နိုင်ငံအတွက် အဓိကအကျဆုံးတိရစ္ဆာန်မျိုးစိတ်တွေဖြစ်ပါတယ်။ ရာသီဥတု ပြောင်းလဲမှုမြန်ဆန်လာတဲ့အတွက် ဂေဟစနစ်တွေ ပျက်စီးယိုယွင်းလာတယ်။ ဒါကြောင့် ဥယျာဉ်အတွင်းက တိရစ္ဆာန်တွေအနေနဲ့ စားကျက်ရှားပါးလာပြီး အစာရေစာ ခက်ခဲလာတယ်။ ဆင်မျိုးစိတ်တွေအတွက် ပိုပြီးတော့ ခက်ခဲနေတယ်။ ဒါကြောင့် ဆင်မျိုးစိတ်တွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးဖို့အတွက် အဓိကကြိုးစားပေးနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားတဲ့ ဆင်အကောင်ရေ ၅၀ ကျော်ရှိနေပြီဖြစ်ပါတယ်" ဟု Mwea National Reserve ဥယျာဉ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ပေါ်လိုင်းက ပြောကြားခဲ့သည်။

Mwea National Reserve ဥယျာဉ်အာဏာပိုင်အဖွဲ့အစည်းက ဆင်အကောင်ရေ၅၀ ကျော်ကို ရွှေ့ပြောင်းပေးထားသော ဧရိယာမှာ စားကျက်ကောင်းမွန်သည့် နေရာဖြစ်သလို ဆင်မျိုးစိတ်များကို စနစ်တကျထိန်းသိမ်းနိုင်မည့် နေရာဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat



## ဝတ္ထုတိုကဏ္ဍ

# ဆောင်းအမီ

### ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)

(၁)

"ကိုထွန်းမောင် ရှင့်သားကြီး ဒီတစ်ခေါက် သီတင်းကျွတ်ရွာလာလည်ရင်တော့ သူငယ်ငယ်က သိပ်ကြိုက်တဲ့ အညာစောင်လေး ထည့်ပေးလိုက်တော်။ ကျုပ်မနေ့က လျှော်ပြီးလှမ်းထားတာ ခြောက်လောက်ပြီထင်တယ်"

''ဇနီးဖြစ်သူ ခင်ရီ၏ စကားကြားပြီး သူပြုံးမိသည်။ မြို့မှာနေတဲ့သူတွေက သည်အညာစောင်ကြီး ခြုံမလားကွာ။ ဒီမိန်းမနှယ် အကောင်းစားမွေ့ရာ၊ စောင်တွေပဲ အသုံးပြုကြပြီပေါ့လေ"

စိတ်ထဲက ပြောနေမိသည်။ ခင်ရီ သူ့သားကို အရမ်းချစ်တာ သူသိသည်။ တစ်ဦးတည်းသော သားလေးမို့ အချစ်ပိုတယ်ဆိုတာလည်း မမှားပေ။ ယခု သားက မြို့မှာအိမ်ထောင်ကျလို့ သားသမီးတောင်နှစ်ယောက်ရနေပြီဖြစ်သည်။ သူ့အမျိုးသမီးဘက်က ငွေကြေးပြေလည်ကြ၍ ကိုယ်ပိုင်"ကား၊ဆိုင်ကယ်" ပစ္စည်းအရောင်းဆိုင်ကြီးဖွင့်ထား၍ တော်တော်ပြေလည်ကြသည်။

သီတင်းကျွတ်တစ်ခါ၊ နွေရာသီတစ်ခါတော့ အရောက်လာတတ်သည်။ ချွေးမဖြစ်သူကတော့ တစ်ခါတလေမှ လိုက်လာတတ်သည်။ သားကြီးနှင့် မြေးများသာ တစ်နှစ်နှစ်ခါတော့ ပုံမှန်လာသည်။

သူ့သားခြုံသည့် အညာစောင်ကြီးကို တယုတယ သိမ်းထားပြီး ခုလျှော်ထားကာ ပေးလိုက်မည်ပြော၍ ဦးထွန်းမောင်ပြုံး၍နေမိသည်။ ဟိုကဘယ်လိုလုပ်ယူမလည်းလေ တွေးလိုက်သည်။ သူ့ဇနီး စိတ်မကောင်းဖြစ်မှာစိုး၍ ဘာမှမပြောဘဲနေလိုက်သည်။

(၂)

သီတင်းကျွတ် ကျောင်းပိတ်ရက်ရောက်တော့ သားကြီးနှင့်တကွ ချွေးမပါ ပါလာ၍ ဒေါ်ခင်ရီပို၍ ပျော်နေမိသည်။ မြေးများနှင့်လည်း စကားဖောင်ဖွဲ့ပြော၍ မပြီးနိုင်တော့ပေ။ ဟိတ်ဟန်ကြီးသော ချွေးမဖြစ်သူကိုလည်း လိုလေသေးမရှိအောင် လုပ်ပေးနေ၍ ဦးထွန်းမောင် ခင်ရီကို ကြည့်၍သနားမိသည်။ အစကတည်းက ပုံမှန်သာနေတတ်၍ ဦးထွန်းမောင် ချွေးမဖြစ်သူနှင့် သိပ်မရင်းနှီးပေ။

အင်းပေါ့လေ သူ့ဇနီး ဒေါ်ခင်ရီကတော့ သူ့ချွေးမကို အားနာနေတာဖြစ်မည်။ သူတို့မပြည့်စုံမှုအတွက် လို့ထင်မိသည်။

"တော်သေးတယ် မောင်ရယ် မြို့က အိပ်ရာခင်း၊ စောင်တွေယူလာလို့ပေါ့။ဒီလို ဝါးကပ်ခင်းကြီး မအိပ်တတ်ပါဘူး။ တလှုပ်လှုပ်နဲ့"

"နောက်ပြီး အမေ ချက်ကျွေးတဲ့ ဟင်းတွေကလဲ တောချက်တွေ မစားတတ်ဘူး မောင်ရယ်။ ဒါကြောင့် မလိုက်ချင်တာ မောင်အတင်းခေါ်လို့"

ချွေးမဖြစ်သူစကားကြောင့် နွားစာကျွေးရင်း ကြားလိုက်ရ၍ ဦးထွန်းမောင် ဒေါသဖြစ်သွားသည်။

ခင်ရီကြားလျှင် ပိုစိတ်မကောင်းဖြစ်နေလိမ့်မည်။ တော်သေးသည် ဇနီးက ရွာထဲ ခဏသွားနေလို့ဖြစ်သည်။ ပြန်ကြတော့မယ်ဆိုတော့ ဒေါ်ခင်ရီ ငိုပါလေပြီ။ သားကြီးကို ဖက်ငိုလိုက်၊ မြေးတွေကို ဖက်ငိုလိုက်နှင့် ဦးထွန်းမောင် ရင်ထဲမကောင်းပေ။

"အမေရယ် သားတို့ နွေရာသီလာအုံးမှာပါဗျာ"

"အင်းပါ သားရယ်။ အမေက မြေးတွေနဲ့ နေရတာ မဝလို့ပါကွယ်"

"သားကြီး မေ့တော့မလို့ကွယ်။ ဒီနှစ်ဆောင်းက အအေးလှိုင်း ဖြတ်မယ်ပြောတယ်။ သားကြီး ခြုံတဲ့ အညာစောင်ကြီး အမေသေချာလျှော်ထားတယ်။ ယူသွားလိုက်နော်"

"အမေရယ် မလိုပါဘူးဗျာ။ အမေတို့ပဲသုံးလိုက်တော့လေ။ သားမှာ ပြည့်စုံပါတယ်"

"ဟုတ်တယ်အမေ။ သမီးတို့က ဒီလိုစောင်တွေ မသုံးဖူးသလို၊ ခြုံလဲမခြုံတတ်ဘူး။ အမေတို့ပဲ ယူထားလိုက်"

ချွေးမဖြစ်သူစကားကြောင့် ဒေါ်ခင်ရီ စောင်ထုပ်လေးပိုက်လို့ မျက်နှာငယ်လေးနှင့် ရပ်နေသည်။ ဦးထွန်းမောင် မကြည့်ချင်သောကြောင့် နောက်ဖေးသို့ ဝင်လာခဲ့သည်။

"သမီးရယ် ဒီအညာစောင်လေးက အင်မတန်နွေးတာ သမီးရဲ့"

"မလိုပါဘူးအမေရယ်။ သမီးတို့မှာ အကောင်းဆုံး ဂွမ်းကပ်စောင်တွေရှိတယ်။ အရမ်းအေးလာရင်တောင် အပူစက်လဲ တပ်ထားတယ်။ ဘာမှမပူနဲ့နော်။ ကဲ မောင် နောက်ကျနေပြီ သွားရအောင်"

အားလုံးလက်ပြနှုတ်ဆက်ပြီး သွားကြလေပြီဖြစ်သည်။

(၃)

ဒေါ်ခင်ရီတစ်ယောက် စောင်ထုပ်လေးကို ရင်ခွင်ထဲပိုက်ပြီး ငိုကြွေးနေပြီဖြစ်သည်။ နောက်ဖေးမှာနေနေသည့် ဦးထွန်းမောင် မနေသာတော့ပေ။ အလုပ်လုပ်ရတာလည်း စိတ်မဖြောင့်တော့။ သံယောဇဉ်ကြီးလွန်းသည့် မိန်းမသဘာဝကို သူနားလည်သည်။ သူ့လို ယောကျ်ားရင့်မာကြီးတောင် ဟန်ဆောင်မာန်တင်းထားရသည်။ စေတနာကိုအလေးမထား စော်ကားလွန်းလှပါလားလို့ ဒေါသထွက်မိသည်။

သို့သော် အရာအားလုံးကို မျိုသိပ်၍သာ မသိသလို မျက်နှာလွှဲထားရသည်။ ဒါကို ဒေါ်ခင်ရီ သိမည်မထင်ပေ။ စောင်ထုပ်ကလေးပိုက်ကာ ငိုနေသည့် ဇနီးဖြစ်သူကိုတွေ့တော့ သူ့ရင်ထဲ စိတ်မကောင်းပိုဖြစ်မိသည်။ ထွက်သွားသော သားတို့ကားကြီးကိုကြည့်၍ အငိုမရပ်ပေ။ သူအနားသို့ရောက်လာတာတောင် သတိမထားနိုင်တော့။ မျက်တောင်မခတ်ပဲ ကြည့်နေရင်း အငိုမျက်ရည်တွေက အတားအဆီးမဲ့ကျနေတာမြင်တော့ သူပါ ဝမ်းနည်းမျက်ရည်လေးဝဲမိသွားသည်။ သူလည်း ရောယောင်ပြီး မမြင်ရတော့သည့် သံယောဇဉ် အနှောင်အဖွဲ့တွေကို ကြည့်လိုက်သည်။ ဟိုက နောက်လှည့်လို့တောင် မကြည့်သွားလေတော့ ခံစားရခက်ပေမပေါ့လို့ တွေးပေးမိသည်။

အတောင်စုံလျှင် ခြေကန်ထွက်သွားကြတာ သဘာဝတရား၏ နိယာမ မဟုတ်ပါလား။ခံစားရသူပဲ ပူဆွေးရမည့်မို့ တတ်နိုင်သလောက် သံယောဇဉ်အပူကို ဖြတ်နိုင်ဖို့ သူအမြဲပြောလည်း ခဏပင်။ ဝမ်းနဲ့လွယ်မွေးထားရသည့် သူက စိတ်မပြတ်နိုင်ဘူးလို့ပြောကတည်းက သူလက်မြှောက်ထားရသည်။ အခုတော့ တစ်ခါလာတိုင်း ကြေကွဲစရာမြင်ကွင်းက ရိုးမသွားလေတော့ သူ့ရင်ထဲသနားရုံကလွဲ၍ မတတ်နိုင်တော့ပေ။

(၄)

"ခင်ရီရယ်၊ မင်းနှယ်ကွာ"

သူ့အသံကြားမှ ခေါင်းလှည့်လာကာ သူ့ရင်ထဲက ခံစားချက်တွေ ရင်ဖွင့်လာတော့သည်။သူကတော့ နားထောင်ပေးပြီး စိတ်ပြေပါစေရယ်လို့ ရပ်ကြည့်ရတော့သည်။

"တော် ဘာသိလို့လဲ။ ကိုထွန်းမောင်ရဲ့ ဒီနှစ်ဆောင်းက အရမ်းအေးမှာတဲ့။ သားကြီးကို စိတ်ပူလို့။ ဒီစောင်လေး မယူသွားတာ စိတ်မကောင်းအဖြစ်ဆုံးပဲ ဟင့် ဟင့်"

"ဟ သူတို့မှာပြည့်စုံပါတယ်လို့ မင်းကို ပြောခဲ့တယ်မို့လား ဘာစိတ်ပူစရာရှိလဲကွာ"

"တော်က ဘာမှခံစားရမှာမဟုတ်ဘူး။ ကျွန်မကတော့ သားကြီးအတွက် မပေးလိုက်ရလို့ ရင်အနာဆုံးပဲ ဟင့်ဟင့်"

"အိုကွာ မင်းနှယ်ကွာ"

ဆောင်းအမီ မပေးလိုက်ရသည့် အညာစောင်လေးကိုပိုက်၍ အိပ်ခန်းထဲဝင်သွားသော ခင်ရီကို ကြည့်၍ စိတ်မကောင်းဖြစ်ရုံပဲရှိတော့သည်။ အားနာပါးနာလေးတောင် အမေ့မျက်နှာကြည့်ပြီး မယူသွားသည့် သားဖြစ်သူကိုလည်း စိတ်ထဲဘဝင်မကျဖြစ်မိသည်။

"သံယောဇဉ် ကြီးလွန်းတယ်ကွာ"

သူ့အိပ်ခန်းထဲ ကြည့်လိုက်တော့ သူ့သားပေးမည့် စောင်ထုပ်လေးကို ရင်ခွင်ထဲထည့်၍ ငိုနေသော ခင်ရီကို စိတ်မကောင်းစွာတွေ့ရလေသည်။

(၅)

"ကဲ ခင်ရီ အငိုရပ်တော့ ထမင်းစားရအောင်ကွာ"

သူ့စကားကြားတော့ အိပ်ရာမှထကာ ရင်ခွင်ထဲက စောင်ထုပ်လေးကို သေတ္တာထဲ တယုတယထည့်နေတာမြင်တော့ သူ့ရင်ထဲ ဆို့သွားရသည်။

"သူတို့မလိုဘူးဆိုလဲ သိမ်းထားမနေနဲ့ တို့ခြုံကြတာပေါ့။ ဒီနှစ်ဆောင်းက အအေးပိုမယ့်ပုံကွ"

"အိုတော် ရှင်က ရှိတာခြုံပေါ့။ ဒါက သားကြီးအတွက် ကျွန်မ သေချာလေးလုပ်ထားတာ။ ဘယ်သူ့ကိုမှမပေးနိုင်သလို ကျွန်မလဲ မခြုံဘူး။ နောက်နေ့ရွာထဲက လူကြုံရှိရင် ထည့်ပေးရမယ်။ ဒီဆောင်းအမီတော့ သားကြီးအနားရောက်မှာပါတော်"

❖ ဆောင်းအမီ မပေးလိုက်ရသည့် အညာစောင်လေးကို ပိုက်၍ အိပ်ခန်းထဲဝင်သွားသော ခင်ရီကိုကြည့်၍ စိတ်မကောင်းဖြစ်ရုံပဲရှိတော့သည်။ အားနာပါးနာလေးတောင် အမေ့မျက်နှာကြည့်ပြီး မယူသွားသည့်သားဖြစ်သူကိုလည်း စိတ်ထဲဘဝင်မကျဖြစ်မိသည်။"သံယောဇဉ် ကြီးလွန်းတယ်ကွာ" သူ့အိပ်ခန်းထဲ ကြည့်လိုက်တော့ သူ့သားပေးမည့်စောင်ထုပ်လေးကို ရင်ခွင်ထဲထည့်၍ငိုနေသော ခင်ရီကို စိတ်မကောင်းစွာတွေ့ရလေသည်။❖

"ဟူး"

ဦးထွန်းမောင် သက်ပျင်းမောကြီးချလို့ ပြုံးလိုက်မိသည်။ သူ့သားမပေးရလို့များ ရလေမလားလို့ တမင်စလိုက်ခြင်းဖြစ်သည်။ သူကိုယ်တိုင်လည်း ဆောင်းအမီတော့ သားကြီးဆီ ဒီစောင်ကလေး ရောက်စေချင်မိသည်။ ဒီနှစ်ဆောင်းက ပိုအေးမယ်လို့ ပြောနေကြသည် မဟုတ်ပါလား။ မိခင်မေတ္တာကိုယ်ငွေ့လေးဖြင့် သားကြီးတို့မိသားစုကို ရသလောက် အနွေးဓာတ်လေးပေးချင်မိတာ ရင်ထဲက ဆန္ဒအမှန်ပင်ဖြစ်တော့သည်။

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၉၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၉၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ပဲစင်းငုံ ၁၀၀၀၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၉၉၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲစင်းငုံ ၁၀၀၀၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၉၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်စေဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖြန်းမြေဩဇာသုံးစွဲမှု လျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယူရီးယားနှင့် လက်ချားသုံးစွဲခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် သခွားသီးများအရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်သခွားသီးများ ကုန်စိမ်းဈေးကွက်တွင် ပြီးခဲ့သော စက်တင်ဘာလ ပထမပတ်မှ စတင်၍ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် သခွားသီးအလုံးရေ ၂၅၀၀၀ မှ ၄၀၀၀၀ ထိ အရောင်းအဝယ် ကောင်းလာကြောင်း၊ အဆိုပါ သခွားသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေး ရှိကြောင်းသိရသည်။

"ဒီဘက်ကနေထွက်တဲ့ သခွားသီးတွေကိုအခြားမြို့နယ် တွေက ဝယ်ယူမှုများနေတာပါ။ လက်ရှိ သခွားသီး တစ်ရက် အလုံးရေ ၄၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်



နေပါတယ်။ ကျိုက်လတ်မြို့နယ်က ဒေသထွက် သခွားသီးတွေက အရည် သွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလက်ဆတ်တဲ့ သခွားသီးတွေကိုစားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေကလဲ သခွားသီးကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် သခွားသီးတွေဝယ်ယူမှုကောင်းလာတော့ သခွားသီးစိုက်တဲ့ တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်''ဟု ကျိုက်လတ်မြို့နယ်က ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ သခွားသီးများ အပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ သခွားသီးများ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းလာသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပန်းတနော် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းအချိန်မီပြီးစီးရေး သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေးအလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါချောင်းကလေးကျေးရွာတွင် တစ်ဖက်လျှင် အရှည် ပေ ၁၄၀၀ အကျယ် ၂ပေ ၆ လက်မ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို စီမံကိန်းအတိုးရငွေကျပ် ၂၁ ဒသမ ၂၃ သန်း၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၅သန်းဖြင့် ယခုလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းထိပြီးစီးပြီဖြစ်ကြောင်း၊လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၇၆ မှ လူဦးရေ ၁၂၂၈ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအကျိုးပြုမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငြိမ်းသူ(စလင်း)**

## ဝါကျွတ်ချိန်ရဲ့ အလှတရား

- နှုတ်ဆက်မိုးက လက်ပြထွက်ခွာ
ကျေပွန်ပြီးပြတ် တစ်ရပ်တာဝန်လွှာ
ဂျိုးဂျိမ်းသံပြာ ခြိမ်းကာတချို့
တစ်ပေါက်မိုးရေ ချခဲ့ပေ
တိမ်တွေရင်ထဲ စို့သည်နှင့်လေး။

- ပွင့်အုံမို့မို့ ဆင့်ပို့မြိုင်မြိုင်
ဂုဏ်ရည်ရှင်းသန့် ရနံ့လှိုင်လှိုင်
ကြာပွင့်ကြာခိုင် ကြိုင်ကြိုင်မွှေးမွှေး
အလှကိုယ်စီ တန်ဖိုးညီ
ရာသီပွင့်ပန်း အသွေးရယ်နှင့်လေး။

- လခြမ်းကွေးကွေး ဖြည်းဖြည်းချင်းကျယ်
ဝါဝါဝင်းဝင်း အဆင်းဂုဏ်ရည်ကြွယ်
လပြည့်သို့ကွယ် ဆင့်သွယ်ဖြည့်စွမ်း
ရက်မြတ်မဟာ သည်ချိန်ခါ
မြတ်စွာဘုရား ကြွမြန်းသည်နှင့်လေး။

- သုံးသွယ်စောင်းတန်း တင့်ဆန်းမြတ်တစ်မူ
ဖန်ဆင်းတည်ထား သိကြားမင်းအလှူ
သဒ္ဒါအယူ စင်ဖြူဖွေးလှဲ့
ဗုဒ္ဓရှင်တော် အလယ်ပေါ်
သင့်လျော်ရွေးချယ် ကြွခဲ့သည့်နှင့်လေး။

- ဂုဏ်အနှိုင်းမဲ့ တည်ဖွဲ့ စိတ်ထဲခို
ရှင်လူ ရဟန်း မီးပန်းထွန်းညှိကြို
မြတ်သောကုသိုလ် စိတ်ကိုလန်းမွေ့
ထူးကဲသဒ္ဒါ ဂုဏ်ပူဇာ
ပြည်ရွာတစ်ဝန်း ပြည့်သည်နှင့်လေး။
ချမ်းမြေ့ကြည်သာ ဆင့်ဖြာပြတော့ အတည်။
ပန်းငွေ့ရည်လွှာ တင့်ကာလှတော့သည်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေများထုတ်ချေး

**ထားဝယ် အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို တာဝန်ရှိသူများက အောက်တိုဘာလ ၁၅ ရက်က အဆိုပါ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်စိုးစိုးသီက RBF ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အလယ်ကုန်းကျေးရွာ RBF စီမံကိန်းကော်မတီဝင်များက ကျေးရွာရှိအသက် မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့် အစုအဖွဲ့လေးဖွဲ့မှ အသင်းဝင်များကို တစ်ဖွဲ့လျှင်ရန်ပုံငွေကျပ်၇၅ သိန်းစီဖြင့်စုစုပေါင်းရန်ပုံငွေကျပ်သိန်းသုံးရာကို စနစ်တကျထုတ်ချေးပေးခဲ့ကြောင်း ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**

# မတရားဆုံးရှုံးအောင် အကြံနှင့်ပြုလုပ်ပါမှ ရာဇဝတ်မှုမြောက်မည်



လူတစ်ဦးထံ ပစ္စည်းတစ်စုံတစ်ခုကို ယုံကြည်အပ်နှံခဲ့ရာတွင် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် ထိုသူသည် ရာဇဝတ်မကင်းသည့် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်သည်ဟု ရာဇသတ်ပုဒ်မ-၄၀၅ က ပြဋ္ဌာန်းထားသည်။ တရားခံက တစ်ဦးတစ်ယောက်အပေါ် မတရားဆုံးရှုံးရန်အကြံနှင့်ပြုလုပ်ခဲ့လျှင် တရားခံ၏ပြုမူချက်မှာ ရာဇသတ်ပုဒ်မ-၂၄ အရ မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ တရားခံသည် လိမ်လည်လှည့်ဖြားရန်အကြံနှင့် ပြုလုပ်ရန်မလိုပေ။ လူတစ်ဦးတစ်ယောက်အပေါ် မတရားဆုံးရှုံးရန်အကြံနှင့် ပြုလုပ်ခဲ့လျှင် ထိုပြုလုပ်ချက်သည် မရိုးမဖြောင့်သောသဘောနှင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း ၁၉၆၃ ခုနှစ်၊ အများနှင့်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ ပြစ်မှုထင်ရှားစီရင်သော အမှုစီရင်ထုံးကို ကိုးကား၍ ရေးသားတင်ပြပါမည်။

နိုင်ငံတော်အစိုးရက ကျပ်၁၀၀တန်နှင့် ကျပ်၅၀တန် ငွေစက္ကူများကို တရားဝင်ငွေများအဖြစ်မှ ရုပ်စဲလိုက်သောအခါ အဆိုပါ တရားမဝင်သည့် ငွေစက္ကူများကို သက်ဆိုင်ရာငွေသိမ်းဆည်းရေးကော်မတီများသို့ အပ်နှံကြရာ အာဏာပိုင်တို့၏ ညွှန်ကြားချက်အရ ငွေတိုက်အရာရှိထံ၌ ယုံကြည်အပ်နှံထားသည့်ငွေများအနက် တရားမဝင်သည့် ငွေစက္ကူ မည်၍မည်မျှရှိသည်ကို သိရှိရန်အလို့ငှာ ပုသိမ်ခရိုင်ဝန်ဦးတင်ဦးက မြို့မဝန်ထောက်ကြီး ဦးလှကျော်ကို ၁၉၆၄ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် သွားရောက်စစ်ဆေးရန် တာဝန်ပေးအပ်ခဲ့သည်။

ခရိုင်ဝန်၏ညွှန်ကြားချက်အရ ဦးလှကျော်သည် ငွေတိုက်အရာရှိထံသို့ သွားရောက်စစ်ဆေးရာ ငွေတိုက်အရာရှိကို ယုံကြည်အပ်နှံခဲ့သည့် ရန်ပုံငွေငါးရပ်မှ စုစုပေါင်းငွေ ၁၃၆၇၉ကျပ်ကို တင်ပြနိုင်ခြင်းမရှိပေ။ ထိုသို့တင်ပြခြင်းမပြုနိုင်သည့် ငွေများ၏ အသေးစိတ်စာရင်းမှာ (က) ပုသိမ်ခရိုင်အတွင်း ဆေးပေးခန်းများဆောက်လုပ်ရန် ရန်ပုံငွေမှ ၂၂၅၀ ကျပ်၊ (ခ) ပုသိမ်မြို့၊ စာကြည့်တိုက်ဆောက်လုပ်ရန် ယဉ်ကျေးမှုဌာနမှ ခွင့်ပြုထားသည့် ရန်ပုံငွေမှ ၃၉၂ ကျပ်၊ (ဂ) ပုသိမ်မြို့၊ သံတဲအတွက် ပရိဘောဂများ ဝယ်ယူရန် ခွင့်ပြုထားသည့် ရန်ပုံငွေမှ ၈၅၀၀ကျပ်၊ (ဃ) ပုသိမ်ခရိုင် လှဲဆိပ်နှင့် စက်ဒေါင့်ကြီး ကျေးရွာများတွင် ကျန်းမာရေးဌာနအဆောက်အအုံဆောက်လုပ်ရန် ရန်ပုံငွေမှ ၃၇ကျပ်နှင့် (င) ပုသိမ်မြို့၊ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ အမြဲတမ်းကြိုတင်အပ်နှံထားငွေမှ ၂၅၀၀ ကျပ်တို့ဖြစ်သည်။

ဦးလှကျော်သည် မိမိ၏ စစ်ဆေးတွေ့ရှိချက်ကို ခရိုင်ဝန်ဦးတင်ဦးထံ ချက်ချင်းတင်ပြအကြောင်းကြားသဖြင့် ဦးတင်ဦးသည် ငွေတိုက်အရာရှိကို ခေါ်ယူ၍မေးမြန်းရာ ၎င်းက ထိုငွေများကို သုံးစွဲပစ်လိုက်ပြီဖြစ်ကြောင်းဝန်ခံပြီး ထိုငွေများကို ရှာဖွေထည့်သွင်းရန် အချိန်ငါးရက်ပေးပါရန် တောင်းပါသည်။ သို့ရာတွင် ဦးတင်ဦးသည် တာဝန်ရှိသူတစ်ဦးအနေဖြင့် ငွေတိုက်အရာရှိ၏ မေတ္တာရပ်ခံချက်ကို မလိုက်လျောနိုင်သည့်အလျောက် မြို့မဝန်ထောက်ကြီးဦးလှကျော်ကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားရန် ညွှန်ကြားခဲ့သည်။ ထိုညွှန်ကြားချက်အတိုင်း ဦးလှကျော်သည် ပုသိမ်မြို့၊ အသည်ကြီးရဲတပ်ဖွဲ့စခန်းသို့ ငွေတိုက်အရာရှိအပေါ် အရေးယူရန် တိုင်ကြားစာပေးပို့ခဲ့သည်။

ငွေတိုက်အရာရှိ ဦးသန်းနိုင်အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀နှစ်ကျခံစေရန် ပုသိမ်မြို့၊ စက်ရှင်တရားသူကြီးရုံးမှ အမိန့်ချမှတ်ခဲ့သည်။ ဦးသန်းနိုင်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့ပါသည်။

အယူခံတရားလိုက မိမိအား ခရိုင်ဝန်က ရန်ပုံငွေငါးရပ်ကို ယုံကြည်အပ်နှံခဲ့ပြီး ထိုရန်ပုံငွေ ငါးရပ်မှ လက်ကျန်ငွေစုစုပေါင်း ၁၃၆၇၉ ကျပ်ကို တင်ပြနိုင်ခဲ့ခြင်းမရှိသည်ကို ငြင်းဆိုခြင်းမပြုခဲ့ပေ။ သို့ရာတွင် အယူခံတရားလိုက မိမိသည် သေရည် သေရက်အသောက်လွန်သဖြင့် သတိလစ်ခြင်း၊ မေ့လျော့ခြင်းစသည့်ဝေဒနာစွဲကပ်ခဲ့၍ ယုံကြည်အပ်နှံထားသောငွေများ မည်သို့မည်ပုံပျောက်ဆုံးသွားသည်ကို မသိကြောင်း၊ ကိုယ်ကျိုးအတွက် မရိုးမဖြောင့်သောသဘောဖြင့် သုံးစွဲခဲ့ခြင်းမဟုတ်ကြောင်း၊ ခရိုင်ဝန်ဦးတင်ဦးကို အပ်နှံထားသည့် ငွေများကို သုံးစွဲလိုက်ပြီဟု ဝန်ခံပြောဆိုခဲ့ခြင်းမပြုကြောင်း ထုချေခဲ့သော်လည်း မူလရုံးက ၎င်း၏ထုချေချက်ကိုလက်မခံဘဲ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

**နိုင်ငံတော်တရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် ခရိုင်ဝန်ဦးတင်ဦးအနေဖြင့် ၎င်းအား အယူခံတရားလိုက ငွေများကို သုံးစွဲပစ်လိုက်ပြီဟုဝန်မခံဘဲ ဝန်ခံသည်ဟု မုသားထွက်ဆိုရန် အကြောင်းမရှိချေ။ ခရိုင်ကို အုပ်ချုပ်ရသည့် ခရိုင်ဝန်တစ်ဦးအနေဖြင့် မိမိလက်အောက်ရှိ အရာရှိတစ်ဦးအပေါ်အကြောင်းမဲ့ မဟုတ်မတရားထွက်ဆိုလိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံတရားလိုသည် ခရိုင်ဝန် ဦးတင်ဦးထံတွင် ငွေများကို သုံးစွဲပစ်လိုက်ပြီဖြစ်ကြောင်း ဝန်ခံကာ ငွေများကို စိုက်ထည့်ရန်အချိန်ငါးရက်တောင်းခဲ့ကြောင်း ထင်ရှားသည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်ဟု ဆိုရမည်ဖြစ်ကြောင်း တရားရုံးချုပ် တရားသူကြီးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

လူတစ်ဦးထံ ပစ္စည်းတစ်စုံတစ်ခုကို ယုံကြည်အပ်နှံခဲ့ရာတွင် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် ထိုသူသည် ရာဇဝတ်မကင်းသည့် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်သည်ဟု ရာဇသတ်ပုဒ်မ-၄၀၅ က ပြဋ္ဌာန်းထားသည်။ **တရားခံက လူတစ်ဦး တစ်ယောက်အပေါ် မတရားဆုံးရှုံးရန် အကြံနှင့်ပြုလုပ်ခဲ့လျှင် တရားခံ၏ပြုမူချက်မှာ ရာဇသတ်ပုဒ်မ-၂၄ အရ မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ တရားခံသည် လိမ်လည် လှည့်ဖြားရန် အကြံနှင့် ပြုလုပ်ရန်မလိုပေ။** လူတစ်ဦးတစ်ယောက်အပေါ် မတရားဆုံးရှုံးရန်အကြံနှင့် ပြုလုပ်ခဲ့လျှင် ထိုပြုလုပ်ချက်သည် မရိုးမဖြောင့်သောသဘောဖြင့်ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုသည် ၎င်းထံ အပ်နှံခဲ့သည့် နိုင်ငံတော်အစိုးရပိုင် ငွေပေါင်း တစ်သောင်းကျော်ကိုပြန်လည်ပေးအပ်နိုင်ခဲ့ခြင်း မရှိပေ။ ထိုသို့ ပြန်လည်ပေးအပ်ခြင်းမပြုနိုင်သည့်ကိစ္စတွင် အယူခံတရားလိုသည် နိုင်ငံတော်အစိုးရအပေါ် မတရားဆုံးရှုံးရန်အကြံနှင့် ပြုလုပ်ခဲ့ခြင်း ရှိ၊ မရှိ ဆိုသောပြဿနာကိုလည်း ဆန်းစစ်ရန်လိုကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့သည်။

အဘယ်ကြောင့်ဆိုသော် တရားခံတစ်ဦး အနေဖြင့် လူတစ်ဖက်သားအပေါ် မတရားဆုံးရှုံးအောင် အကြံနှင့်ပြုလုပ်ခဲ့မှသာ တရားခံ၏ ပြုမူဆောင်ရွက်ချက်သည် ရာဇဝတ်မကင်းသည့် အလွဲသုံးစားမှု ဖြစ်ပြီး ရာဇဝတ်ကြောင်းအရ အရေးယူနိုင်မည် ဖြစ်သည်။ အကယ်၍ **မတရားဆုံးရှုံးအောင်အကြံနှင့်**

**❖လူတစ်ဦးထံ ပစ္စည်းတစ်စုံတစ်ခုကို ယုံကြည် အပ်နှံခဲ့ရာတွင် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် ထိုသူသည် ရာဇဝတ်မကင်းသည့် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်သည်ဟု ရာဇသတ်ပုဒ်မ -၄၀၅ က ပြဋ္ဌာန်းထားသည်။ တရားခံက လူတစ်ဦး တစ် ယောက်အပေါ် မတရားဆုံးရှုံးရန် အကြံနှင့်ပြုလုပ်ခဲ့လျှင် တရားခံ၏ပြုမူချက်မှာ ရာဇသတ်ပုဒ်မ- ၂၄ အရ မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။❖**

**ပြုလုပ်ခဲ့ခြင်းမဟုတ်ပါက အလွဲသုံးစားမှုပင် ဖြစ်လင့်ကစား ရာဇဝတ်ကြောင်းအရ အရေးမယူနိုင်ဘဲ တရားမကြောင်းအရသာ အရေးယူရပေမည်။** အကယ်၍ အယူခံတရားလိုသည် အစိုးရငွေများကို မတရားဆုံးရှုံးအောင်အကြံနှင့် မဟုတ်ဘဲ လုံလောက်သည့် အကြောင်းကြောင့် သုံးစွဲခဲ့ပါမူ ရာဇဝတ်ပြစ်မှုမြောက်မည်မဟုတ်ပေဟု ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

လူတစ်ဦး၏အကြံမှာ မည်သို့မည်ပုံရှိသည်ဆိုခြင်းကို ပုထုဇဉ်ပုဂ္ဂိုလ်အနေဖြင့် သိရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တရားခံတစ်ဦး၏အကြံသည် မည်သို့ရှိသည်ဟု တိုက်ရိုက်သက်သေပြရန်မဖြစ်နိုင်ပေ။ ထိုသူ၏ ပြုမူဆောင်ရွက်ချက်အပေါ် ခန့်မှန်း၍ အဆုံးအဖြတ်ပြုရန်သာ ရှိပေသည်။ ပစ္စည်းတစ်စုံတစ်ခုကို တရားခံတစ်ဦးအား ယုံကြည်အပ်နှံထားပြီး တရားခံက ထိုသို့အပ်နှံထားသည့်ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်းမပြုလျှင်သော်လည်းကောင်း ပစ္စည်းနှင့်ပတ်သက်သည့် လိမ်လည်သည့် ဆင်ခြေပေးလာလျှင်သော်လည်းကောင်း ထိုအချက်သည်တရားခံက မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခဲ့သည်ဟုယူဆရန် အလွန်ခိုင်လုံသည့် သက်သေအထောက်အထားတစ်ခုဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

ယခုအမှုတွင် အယူခံတရားလိုသည် ၎င်းထံ အပ်နှံထားသည့် အစိုးရပိုင်ငွေ ၁၃၆၇၉ကျပ်ကို ပြန်လည်ပေးအပ်နိုင်ခဲ့ခြင်းမရှိသဖြင့် ထိုကဲ့သို့ မပေးအပ်နိုင်သည့်အချက်သည် အယူခံတရားလိုအပေါ် ရာဇဝတ်မကင်းသည့် အလွဲသုံးစားမှုပြုခဲ့သည်ဟု ယူဆစရာအကြောင်းတစ်ရပ်အဖြစ်ပေါ်ပေါက်နေပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်နေသည့် ယူဆချက်အား အယူခံတရားလိုက ခရိုင်ဝန်ဦးတင်ဦးထံ၌ငွေများကို သုံးစွဲမိကြောင်း ဝန်ခံချက်က ထောက်ခံနေသောကြောင့် အယူခံတရားလိုသည် အစိုးရပိုင်ငွေများကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခဲ့ကြောင်းထင်ရှားသည်ဆိုသောအောက်ရုံး၏ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်ဆင်ခြင် သုံးသပ်ခဲ့ပါသည်။

၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေမှာ အောက်ပါအတိုင်းဖြစ်သည်။

**"မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှုသို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အောက်မနည်းသည့် ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်"**

ဤအမှု၌ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အယူခံတရားလိုသည် အစိုးရပိုင်ငွေများကို အလွဲသုံးစားပြုခဲ့ကြောင်း ထင်ရှားသည်။ အစိုးရပိုင်ငွေဆိုသည်မှာ ပြည်သူအများစုနှင့် သက်ဆိုင်သောပစ္စည်းဖြစ်၍ အယူခံတရားလိုသည် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ ပြစ်မှုကျူးလွန်နေပေသည်။ ထိုပုဒ်မကို ကျူးလွန်လျှင် အနည်းဆုံးထောင်ဒဏ်(၁၀)နှစ်ကျခံရမည်ဖြစ်ရာ အောက်ရုံးအနေဖြင့် အနည်းဆုံးထောင်ဒဏ်ကို ချမှတ်ထားသည့်အလျောက် အောက်ရုံး၏အမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ၍ အယူခံမှုကို ပလပ်လိုက်ပါသည်။

**ဦးသန်းနိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၁၉၃ ကို** ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

**စိန်လှိုင်ဗိုလ်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်က ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ဆန်ကွဲတွေကို စက်တင်ဘာလ ပထမပတ်လောက်ကစပြီး ဝယ်ယူမှုများပြားလာတာ ဖြစ်ပါတယ်။ အခုလို ဆန်ကွဲအိတ်တွေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၁၆ ပြည်ဝင်တစ်အိတ် လျှင်ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့မှုများပြားလာခြင်း၊ ဈေးကောင်းရရှိလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြိတ် အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲကူးကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်၊ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုး၊ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျွဲကူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တင်ဒါရကုမ္ပဏီများမှ တာဝန်ခံတစ်ဦးက လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီးဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ခုနစ်လက်မရှိကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၄၅ ဒသမ ၁၅ သန်းဖြင့် May Z Construction ကုမ္ပဏီကလည်းကောင်း၊ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၄၅ သန်းဖြင့် ပုလဲရွှေပြည်ကုမ္ပဏီကလည်းကောင်း ယခုနှစ် ဇွန် ၁၇ ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျွဲကူးကျေးရွာရှိ စိုက်ပျိုးမြေဧက ၂၆၀၀ မှထွက်ရှိမည့် ထွက်ကုန်သီးနှံများဈေးကွက်သို့ အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

**ကိုညီ**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ၁၂၈၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ၁၂၈၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၁၉ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ၂၃၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယနေ့တွင်ဖူးစားပြောင်း ၁၂၈၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်း ၁၃၁၉ ဧက စိုက်ပျိုးဖို့လျာထားပြီး ၂၃၁၆ ဧကထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးရာမှာ တောင်သူတွေကို လိုအပ်တဲ့စိုက်ပျိုးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းတွေကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းတွေက ကွင်းဆင်းကြီးကြပ်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဖူးစားပြောင်းစိုက်ခင်းများကို ဩဂုတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ဒီနေ့ထိ ဖူးစားပြောင်း ၁၂၈၉ ဧက ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့က တစ်ဧကကို အဖူးရေ ၁၄၃၀၂ ဖူးထွက်ရှိပါတယ်။ ဖူးစားပြောင်းတွေကို ဝယ်ယူမှုများပြားတဲ့အတွက် ဒေသခံတောင်သူတွေ အဆင်ပြေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် ဝင်ငွေတိုးပွားစေရန်အတွက် ဖူးစားပြောင်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း စိုက်ပျိုးခြင်းဖြင့် ကျွဲ၊ နွားတိရစ္ဆာန် အစာအဖြစ် ပြောင်းဖူးပင်များကိုလည်း ရောင်းချ၍ ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# လှိုင်းဘွဲ့မြို့နယ် နားဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားဒိုက်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နားဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ နားဒိုက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၅၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

# ရေနံချောင်းမြို့နယ် ခွေးကကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကံကြီးကျေးရွာအုပ်စု ခွေးကကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခွေးကကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ခွေးကကျေးရွာ၌ အရှည်ပေ ၅၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် VDPရန်ပုံငွေကျပ်သိန်း၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၈သိန်း စုစုပေါင်း ငွေကျပ် ၁၆၈ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၀ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နော်လူး**

5 Digits Online Lottery

## 5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်



ဆတိုး ဆုကြီး Jackpot

လစဉ်ထီဖွင့်ရက် ၂ ရက်နှင့် ၁၆ ရက်

ထီတစ်စောင် (၁၀၀၀)ကျပ်

ထီကံစမ်းခွင့် တစ်လ (၂) ကြိမ်

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက် ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ်နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်၊ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။


# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၆၇၄ ဧက စိုက်ပျိုးပြီးစီး



အစေ့ထုတ်ပြောင်း စိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၆၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၇ ဧကနှင့် ဖူးစားပြောင်း ၂၄၂၁ ဧက စုစုပေါင်း ၂၆၃၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၂၅ ဧကနှင့် ဖူးစားပြောင်း ၂၄၄၉ ဧက စုစုပေါင်း ၂၆၇၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၂၆၃၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၆၇၄ ဧကစိုက်ပျိုးပြီးပါပြီ။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ လက်ရှိမှာတော့ လျာထားဧကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ ပြောင်းဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းဆင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ပိုးသတ်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် တင်း ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သရက်ကုန်းကျေးရွာ၌ နဝမ အကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က သရက်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်သည့်ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၈၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သရက်ကုန်းကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၈၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**


ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

( င ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေMyawadyWebportal(www.myawady. net.mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ (မေးခွန်းနမူနာပုံစံများအား MyawadyWebportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ရက်နေ့မှ ၁၇-၁၂-၂၀၂၄ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃) လက်မ၊ ကိုယ်အလေးချိန်ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady. net.mm/nurse(female)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ (မေးခွန်းနမူနာပုံစံများအား MyawadyWebportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ရက်နေ့မှ ၁၇-၁၂-၂၀၂၄ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။








## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမာမာလာတောင်အရပ်၊ ၇၈_၇၉၊ လမ်း ၄၀ (D)နေ (ဦးဇော်မင်း)-ဒေါ်ဝင်းဝင်းသန်း တို့၏သား **မောင်ပြုံးမောင်မောင် (ခေါ်) ရွှေမိုး(၉/ခအဇ(နိုင်)၀၀၇၆၁၈)** သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းသန်း (၉/မရမ(နိုင်)၀၅၂၅၈၄)**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်နေ ဦးသန်းနိုင်ဇော် (ဘ) ဦးဇော်ဝမ်း (၉/မနမ(နိုင်)၀၅၉၉၆၂)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၃၁၁၇၉၈၀

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...
❖ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၈)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

အနော်ရထာမင်းလက်ထက်မှ စတင်၍ ရိုးရာမပျက်ကျင်းပလာသည့် နှစ်ပေါင်း ၉၀၀ ကျော်ရှိပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဆင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❍

## ပြည်သူများ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေး မြန်မာ့မီးရထားက လူစီးရထားများ အချိန်မှန်ကန်ရေး၊ သွားလာမှုအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများ ဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟသာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊

စာမျက်နှာ ၂၀ ကော်လံ ၁ ☆



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း
ငါး/ပုစွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)
ငါးမွေးမြူရေးလုပ်ငန်း(မဒူပင်)
ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com